မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၇)ကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ တိုင်းမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

တင်ပြ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရန်ကိစ္စများကို တင်ပြသည်။

အတည်ပြု

တင်ပြချက်များနှင့်ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်အတည်ပြုပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၇) တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာ ကိုယ်ကျိုးနှင့် ဂိုဏ်းဂဏအကျိုးအတွက် သုံးစွဲခွင့်မရှိ

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ခြင်းအပေါ် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)က ဇန်နဝါရီ ၁၄ ရက်နေ့တွင် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်၍ ဆန့်ကျင်ကန့်ကွက် ရှုတ်ချခဲ့သည်။

အမေရိကန်နှင့်ဗြိတိန်တို့ ကမကထပြု ပူးတွဲတင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် မြန်မာနိုင်ငံ၏ လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေမှန်များကို ထင်ဟပ်မှုမရှိဘဲ ယင်းတို့၏ အရှိန်အဝါကိုသုံးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် ပြုလုပ်အားထုတ်မှုဖြစ်ခြင်းကြောင့် ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်သည်။

အမေရိကန်နှင့်ဗြိတိန်တို့သည် မြန်မာနိုင်ငံ အစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအား အစဉ်တစိုက် အားပေးထောက်ခံခဲ့သည်။ ယခုလည်း မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံသယောင်ဖြင့် ဆန့်ကျင်ဘက်အုပ်စုများအား သိက္ခာတင် အဖတ်ဆယ်ပေးသည့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုအခြေခံဖြင့် မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံသားများ၏ အကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏ အကျိုးစီးပွားတို့ကို ရှေ့တန်းတင်သည့် ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်နေခြင်းကို ထပ်မံမပြုလုပ်ကြရန် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)က ပြင်းထန်စွာ သတိပေးတားမြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်ရှိမှုနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်များအပြင် မှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံအားပေးခဲ့ကြသည့် နိုင်ငံများအားလည်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချထားကြောင်း တွေ့ရသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းကို တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ပယ်ချလိုက်ခြင်းသည် မိမိကိုယ်ကျိုး၊ ဂိုဏ်းဂဏအကျိုးအတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အင်အားကြီးနိုင်ငံကမျှ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချပြီး ဝင်ရောက်စွက်ဖက်ခွင့်မရှိသည့် ရလဒ်ပင်ဖြစ်ကြောင်း ဖော်ပြလိုက်ပေသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)

ရပ်ကွက်သုမနလမ်း အမှတ်၄၇၄နေ ဦးအောင်စိန်–ဒေါ်စန်းရီ မိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော် အရှင်ဇနက(ထီးချိုင့်=ဖကလ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက် သင်ယူတတ်မြောက်မှု အရည်အသွေးပြည့်မီအောင် ပို့ချ

ရန်ကုန် ဇန်နဝါရီ ၁၅

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယမန်နေ့နံနက် ၉နာရီက ရန်ကုန်အဝေးသင်တက္ကသိုလ် ဆွေးနွေးပွဲခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မာထွန်းက ၂၀၀၆ခု ပညာသင်နှစ် အနီးကပ်သင်တန်း၊ စာမေးပွဲဖြေဆိုမှုနှင့် အောင်စာရင်းထုတ်ပြန်မှု အခြေအနေများ၊ ၂၀၀၇ခု ပညာသင်နှစ် ပထမနှစ်သင်တန်းများဖွင့်လှစ်မှု၊ စာအုပ်စာစဉ်များ၊ သင်ထောက်ကူ ပစ္စည်းများဖြန့်ဖြူးမှုအခြေအနေ၊ ဘွဲ့နှင်းသဘင်ကျင်းပမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ပညာရည် မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အဝေးသင်ပညာရေး သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ၊ ဆောင်ရွက်ရေး၊ စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ပါမောက္ခဌာနမှူးများက ဘာသာရပ်အလိုက် စာစဉ်ဖြေဆိုမှု၊ အနီးကပ် သင်တန်းတက်ရောက်မှု၊ စာမေးပွဲဖြေဆိုမှု၊ အောင်ချက်ရာခိုင်နှုန်းတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ဆွေးနွေးပွဲခန်းမ(၁)၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ဆရာ၊ ဆရာမများ သင်ကြားမှု အရည်အသွေးမြင့်မားရေး ဆောင်ရွက်မှုများ၊ ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း၊ ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ် ကျောင်းအပ်နှံမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

သုတေသနလုပ်ငန်း

ထို့နောက် ဝန်ကြီးက သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများလိုက်နာရေး၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးပြည့်မီအောင် သင်ကြားပို့ချရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါရဂူဘွဲ့နောက်ဆုံးနှစ် သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့ နောက်ဆုံးနှစ်သင်တန်းသားဦးရေနှင့် ပါရဂူဘွဲ့ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက ပါရဂူဘွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝရေး၊ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးရေး၊ ပါရဂူဘွဲ့ ကျမ်းများကို သတ်မှတ်ချိန်အတိုင်း အဆင့်မီမီ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

အမှတ်(၉၃)အောင်ဇေယျလမ်း ၈လွှာ အလုံ ရန်ကုန်မြို့နေ ကိုစန်းလွင်–မသင်းသင်းဝင်း၊ သမီး မဆုသင်းရနံ့လွင် ငါးနှစ်ပြည့် မွေးနေ့အလှူအဖြစ် အမှတ် ၁၆ သာသနာ့ ရိပ်သာလမ်း မဟာစည်သာသနာ့ ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင် အလှူငွေ ကျပ် တစ်သိန်းလှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် အမှုဆောင်များ လက်ခံယူစဉ်။(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၆–၁–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း–၁၄)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၁၄)

သင်္ဃန်းကျွန်းမြို့နယ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေးအစီအစဉ် ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ် ကျန်းမာရေး ဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌဦးမောင်မောင်လွင်နှင့်မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဒေါ်ဖြူဖြူစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ဝ၅၂)

● ကျောဖုံးမှ

၃။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်မှာ မမှန်မကန် စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်၊ ရုရှားနှင့် တောင်အာဖရိကတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခဲ့ခြင်းဖြစ်ပါသည်။ ၁၉၇၂ခုနှစ်မှ ယနေ့ထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ပါသည်။

၄။ မိမိတို့နိုင်ငံ၏ တစ်နေ့တခြား တိုးတက်လာမှုကို မရှုဆိတ်သော အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် နိုင်ငံတကာအား လှည့်ဖြားလိုသဖြင့် "မြန်မာနိုင်ငံ၏အရေးသည် ပြည်တွင်းရေးသက်သက်သာ မဟုတ်တော့ဘဲ ဒေသတွင်း လုံခြုံရေးကိုပါ ထိခိုက်လာနေပါသည်"ဟု အကြောင်းပြ အော်ဟစ်သော်လည်း အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဒေသလုံခြုံရေးကို ထိခိုက်နိုင်ခြင်းမရှိဟု ထုတ်ဖော်ပြောကြားလျက်ရှိရာ ၎င်းတို့၏ စွပ်စွဲချက်မှာ ကွဲလွဲဆန့်ကျင်နေပါသည်။ ဤအခြေအနေမှန်ကို နားလည်သဘောပေါက်ပါသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအား ထောက်ခံပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အားလည်း မြန်မာနိုင်ငံသားများအားလုံးကိုယ်စား မိမိတို့အဖွဲ့အစည်းမှ အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

၅။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင် ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည် ကြေညာအပ်ပါသည်။

ဦးမထုနော်
ဥက္ကဋ္ဌ
ရှမ်း/မြောက်အထူးဒေသ(၅)
ကေဒီအေ

❐ ကျောဖုံးမှ

ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုပြီး တစ်ဖက်သတ် ဖိအားပေး စည်းရုံးလုပ်ဆောင်ခဲ့သည်။

၂။ အမေရိကန်၏ တင်ပြတောင်းဆိုမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ၁၅ရက်နေ့တွင် လုံခြုံရေးကောင်စီ၏ မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ(၁၀)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၁)မဲဖြင့် အတည်ပြုခဲ့ရပြီးနောက် မြန်မာနိုင်ငံ၏အခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ရသည်။

၃။ အမေရိကန်အစိုးရ အကြောင်းပြစွပ်စွဲသကဲ့သို့ မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော အရေးကိစ္စများ မဟုတ်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် လုပ်ဆောင်ခြင်းသည် မှန်ကန်၍ တရားမျှတသော လုပ်ဆောင်ချက်မဟုတ်ကြောင်း နိုင်ငံတော်နှင့် ပြည်သူတို့က သဘောထားကြေညာချက်များ ထုတ်ပြန် ကန့်ကွက်ခဲ့ကြပြီးဖြစ်သည်။ အလားတူ မြန်မာနိုင်ငံအကြောင်း သေချာစွာ နားလည်သိရှိ သဘောပေါက်ကြသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဘက်မလိုက် အဖွဲ့ဝင်နိုင်ငံများကလည်း အမေရိကန်အစိုးရ၏ အဆိုပါလုပ်ရပ်ကို ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

၄။ ထိုသို့ ဝိုင်းဝန်းဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှပင် အမေရိကန်အစိုးရသည် ဗြိတိန်နိုင်ငံနှင့် ပူးပေါင်းပြီး လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်အရေးယူနိုင်ရေးမူကြမ်း တင်သွင်းခဲ့သဖြင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြကြောင်း သိရသည်။

၅။ ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် မမှန်ကန်သော လုပ်ကြံစွပ်စွဲချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခဲ့သော အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏လုပ်ရပ်သည် အမှန်တရားကို လျစ်လျူရှုပြီး မြန်မာပြည်သူများ၏ သဘောထားဆန္ဒကို ဆန့်ကျင်သောလုပ်ရပ်ဖြစ်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က မြန်မာပြည်သူတို့နှင့် အတူတကွ ရပ်တည်လျက် ဆန့်ကျင်ရှုတ်ချလိုက်သည်။

၆။ အလားတူ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့ကြသည့် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများ၏ လုပ်ရပ်သည် အမေကျော် ဒွေးတော်လွမ်းသည့် လုပ်ရပ်ဖြစ်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ဆန့်ကျင်ရှုတ်ချလိုက်သည်။

၇။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာတွင် အမှန်တရားဘက်မှရပ်တည်၍ ဗီတိုအာဏာ (Double Veto) သုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်တကွ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံတို့အား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က အထူးကျေးဇူးတင်ရှိကြောင်းနှင့် ကြားနေမဲပေးခဲ့ကြသော အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ကာတာနိုင်ငံနှင့် ကွန်ဂိုသမ္မတနိုင်ငံတို့အားလည်း ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

ရန်ကုန်
၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဌာနအကြီးအကဲများက ဌာနအလိုက် ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြသည်။ အဆိုပါ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မှာကြား

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြောင်းလဲတိုးတက်လျက်ရှိသည့် စီးပွားရေးဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေမှုရှိစေရေး၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရေး မှာကြားသည်။

ဖတ်ကြား

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊တိုင်း မန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဆိုင်ရာ သုံးသပ်တင်ပြချက် စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်အနေဖြင့် ပြည်နယ်၊ တိုင်း မန်နေဂျာများ၏ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များဆိုင်ရာ သုံးသပ်ချက်များကို စုစည်း၍ ဘဏ်လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းအဖြစ် ပြုစုရန် မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပရာ ပထမဆုရရှိသော ကလေးငယ်တစ်ဦးအား မော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုဝေက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

တရားရေးအရာရှိများ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

တရားရုံးချုပ်မှ ဖွင့်လှစ်သော တရားရေးအရာရှိများ အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ တရားရုံးချုပ်အဆောက်အအုံ အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

၃၅ဦးတက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ တိုင်းတရားသူကြီး၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအပါအဝင် အမျိုးသားညီလာခံကြီးကို လူထုလူတန်းစားအလွှာစုံ အစုအဖွဲ့(၈)ဖွဲ့ခွဲကာ ညီညွတ်စွာဖြင့် ဝေဖန်ညှိနှိုင်း တိုင်ပင်နှီးနှောခဲ့ကြသည်မှာလည်း နိုင်ငံရေးအနှစ်သာရ အပြည့်ဝဆုံး အောင်မြင်မှုပန်းတိုင်ရလဒ်ကြီးဖြစ်ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း တကယ်လက်တွေ့ကျကျ ကျင့်သုံးဖော်ဆောင်လျက်ရှိကြောင်း။

အပြုသဘောမဆောင်ဘဲ အရာရာကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ကာ ပြည်ပအားကိုးသည့် နိုင်ငံရေးပါတီ၊ အမည်နာမအမျိုးမျိုးခံယူထားသည့် မြေပေါ်မြေအောက်အဖျက်သမားများနှင့် နှစ်ယောက်တစ်ပိုင်းအဖွဲ့ငယ်လေးများက ပုံကြီးချဲ့ကာ တိုင်တန်းသတင်းပေးမှုများသည် အမျိုးဘာသာ သာသနာကိုသစ္စာဖောက်သည့် လုပ်ရပ်သာဖြစ်၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးနီးပါးက (လုံးဝ) လက်မခံကြသည်ကို တွေ့ရှိရကြောင်း။

မိတ်ဆွေပီသသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကြီးနှစ်နိုင်ငံ၏ မှန်ကန်သင့်လျော်စွာ ဆုံးဖြတ်သည့် ဗီတိုအာဏာသုံးမှုကြောင့် မြန်မာအစိုးရနှင့်ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်ကာ ဝင်ရောက်လွှမ်းမိုး စွက်ဖက်လိုမှုသည် အရာမထင်တော့ကြောင်း၊ အလားတူ ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ဤကဲ့သို့သော မဟုတ်မမှန် ဝင်ရောက်စွက်ဖက်မှုမျိုးကို ပြည်တွင်းကသာမကဘဲ ပြည်ပနိုင်ငံအားလုံးကလည်း လက်မခံနိုင်ခြင်းကို မျက်ဝါးထင်ထင်တွေ့မြင်ကြရကြောင်း၊ မိမိတို့၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အင်အားကြီးနိုင်ငံများက ကြိုးကိုင်ဖျက်ဆီးနိုင်ရန် ကြိုးပမ်းမှုများသည် ကျဆုံးခဲ့ပြီဖြစ်ကြောင်းကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ဂွမ်တာနာမိုစခန်းသည် အမေရိကန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုပြယုဂ်ဖြစ် ချက်ချင်းပိတ်သိမ်းသင့်ကြောင်း စပိန်ပထမဒုတိယဝန်ကြီးချုပ်ပြောကြား

မက်ဒရစ် ဇန်နဝါရီ ၁၅

အမေရိကန်တို့၏ဂွမ်တာနာမိုအကျဉ်းစခန်းကို ဖြစ်နိုင်လျှင်ချက်ချင်းပိတ်သင့်ကြောင်း စပိန်အစိုးရက ဆန္ဒရှိနေသည်ဟု စပိန်နိုင်ငံ ပထမ ဒုတိယဝန်ကြီးချုပ် မာရီရာတေရီဆာဖာနန်ဒက်ဇ်ဒီလာဗီဂါက ဇန်နဝါရီ ၁၂ ရက်၌ ပြောကြားလိုက်သည်။

ပိတ်သိမ်းသင့်

ဂွမ်တာနာမို အကျဉ်းစခန်းသည် အမေရိကန်တို့၏ ညှဉ်းပန်းနှိပ်စက်မှု ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အမြန်ပိတ်သိမ်းသင့်ကြောင်း သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ဖာနန်ဒက်ဇ်က ပြောကြားသည်။

ဆန္ဒပြ

ဂွမ်တာနာမို အကျဉ်းစခန်း ဖွင့်လှစ်ခဲ့သည်မှာ ဇန်နဝါရီ ၁၁ ရက်၌ ငါးနှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ဆန့်ကျင်ရေးအုပ်စု တစ်စုကလည်း ဂွမ်တာနာမို အကျဉ်းစခန်းတည်ရှိရာအနီး အမေရိကန် စစ်အခြေစိုက်စခန်းအပြင်ဘက်၌ အကျဉ်းစခန်းပိတ်သိမ်းရေး ဆန္ဒပြလျက်ရှိသည်။

တိုက်တွန်းပြောကြား

ထို့အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း အမေရိကန်တို့၏ ဂွမ်တာနာမို အကျဉ်းစခန်း ပိတ်သိမ်းရေးကို တိုက်တွန်းပြောကြားခဲ့သည်။ မစ္စတာဘန်ကီမွန်းက သူ၏ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ပထမဆုံး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ပ်ဟွာ



ကန်ကူအော်ပရာ ပြတိုက်

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ဆူကျိုးမြို့ရှိ ကန်ကူအော်ပရာ ပြတိုက် အတွင်းတစ်နေရာအား ဇန်နဝါရီ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပစိဖိတ်သမုဒ္ဒရာ၌ ရစ်ချ်တာစကေး ၈ ဒသမ၃ ရှိ ငလျင်လှုပ်

တိုကျို ဇန်နဝါရီ ၁၅

ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ဘက်တွင် ဇန်နဝါရီ ၁၃ ရက်က ရစ်ချ်တာစကေး ၈ဒသမ ၃ ရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်သွားခဲ့ကြောင်း၊ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း ဂျပန်နိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

ငလျင်လှုပ်ခဲ့သည့် နေရာသည် ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်း အရှေ့ပိုင်းတွင်ဖြစ်ပြီး ဇန်နဝါရီ၁၃ရက် မွန်းလွဲ ၁ နာရီ၄၈မိနစ်ခန့်က လှုပ်ခဲ့ခြင်း ဖြစ်ကာဂျပန်နိုင်ငံအနောက်ပိုင်း ဟိုကိုင်းဒိုးကျွန်းမှ ဝါကာယာမာစီရင်စုအထိ ကမ်းရိုးတန်းတစ်လျှောက် စင်တီမီတာ ၅၀ခန့်မြင့်သော ရေလှိုင်းများ ရိုက်ခတ်ခဲ့သည်ဟု ဆိုသည်။

ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်သဖြင့် ဂျပန်ကမ်းရိုးတန်းတစ်လျှောက် နေပြည်သူများအား ကုန်းမြင့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန်သတိပေးချက် ထုတ်ပြန်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ပ်ဟွာ**

အမေရိကန်တို့မည်သို့ဟန့်တားသည်ဖြစ်စေ နျူကလီးယားအစီအစဉ်မရပ် မည်သည့်အကျပ်ကိုင်မှုမျှ လက်ခံမည်မဟုတ်ကြောင်း အီရန်သမ္မတပြောကြား

မာနာဂူရာ ဇန်နဝါရီ ၁၅

အီရန်နိုင်ငံသည် အမေရိကန်တို့မည်သို့ဟန့်တားနေသည်ဖြစ်စေ နျူကလီးယားအစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မည်သည့်အကျပ်ကိုင်မှုကိုမျှ လက်ခံလိမ့်မည်မဟုတ်ကြောင်း နီကါရာဂွါနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော အီရန်သမ္မတအာမက်ဒီနီဂျက်က ဇန်နဝါရီ၁၄ရက်၌ ပြောကြားလိုက်သည်။

နီကါရာဂွါနိုင်ငံ ခေါင်းဆောင် ဒါနေးလ်အောတေဂါနှင့် မာနာဂူရာမြို့တွင် တွေ့ဆုံဆွေးနွေးစဉ် အီရန်သမ္မတက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး နီကါရာဂွါနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရန်ကြိုးစား ဆောင်ရွက်သွားမည်ဟုလည်း ၎င်းကပြောကြားသည်။

အီရန်သမ္မတ အာမက်ဒီနီဂျက်သည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့၏ ဖိအားပေးမှုကို တုံ့ပြန်ရန် ဆက်ဆံရေးကို အခြားမိတ်ဖက်နိုင်ငံများနှင့် ထူထောင်လျက်ရှိရာ ယခုအခါ ဗင်နီဇွဲလားနိုင်ငံမှ နီကါရာဂွါနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် ရည်ရွယ်သဖြင့် ဒေသတွင်းတည်ငြိမ်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း အီရန်နိုင်ငံသည် နိုင်ငံအများအပြားနှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။

(အင်တာနက်)

ယူရိုဒင်္ဂါးအတုများ ပိုမိုတွေ့ရှိလာရ

ဘရပ်ဆဲလ် ဇန်နဝါရီ ၁၅

၂၀၀၆ ခုနှစ်အတွင်း ယူရိုဒင်္ဂါးအတုများတွေ့ရှိခဲ့မှုသည် ယခင်နှစ်ကထက် ၆၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဥရောပကော်မရှင်(အီးစီ)က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားလိုက်သည်။

ယူရိုဒင်္ဂါးအတု ၁၆၄၀၀၀ ကို လက်ရှိငွေကြေးလည်ပတ်မှုမှ ဖယ်ရှားခဲ့ကြောင်း၊ ယင်းမှာ ယူရိုဒင်္ဂါးနှစ်မျိုး၏ ၈၆ ရာခိုင်နှုန်းရှိကြောင်း အီးယူက ပြောကြားခဲ့သည်။

၂၀၀၂ခုနှစ်မှစပြီး ယူရိုငွေကြေးစတင်သုံးစွဲခဲ့ပြီးနောက် ယူရိုဒင်္ဂါးအတု စုစုပေါင်း ၅၅၀၀၀၀ တွေ့ရှိခဲ့ကြောင်း ၎င်းကော်မရှင်က ပြောကြားသည်။

ယူရိုဒင်္ဂါးများ တွေ့ရှိမှုများလာသော်လည်း အများပြည်သူတို့အား ထိခိုက် နစ်နာမှုမရှိကြောင်း၊ လောလောဆယ်တွင် ယူရိုငွေဒင်္ဂါး ၆၉ ဘီလီယံ ထုတ်လုပ် လည်ပတ်လျက်ရှိကြောင်း ဥရောပကော်မရှင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ပ်ဟွာ

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း မီရာဇာကီမြို့ရှိ ကြက်ခြံတစ်ခြံတွင် အလုပ်သမားများ ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးဝတ်စုံများဝတ်၍ စွန့်ပစ်ပစ္စည်းများ သယ်ယူနေကြသည်ကို ဇန်နဝါရီ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆော်ဒီအာရေဗျ၌ ယာဉ်တိုက်မှုဖြစ်ပွား ၂၂ဦးသေဆုံး ၂၄ဦးဒဏ်ရာရ

ရီးယာ့ဒ် ဇန်နဝါရီ ၁၅

ဆော်ဒီအာရေဗျ အရှေ့ပိုင်း၌ ဘတ်စ်ကားနှစ်စီး တိုက်မိကြရာ လူပေါင်း ၂၂ ဦး သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဇန်နဝါရီ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြစ်ပွား

ယင်းယာဉ်တိုက်မှုသည် ဆော်ဒီအာရေဗျ ယူအေအီးနယ်စပ် အယ်ဘတ်ဟားမှ ၇ ကီလိုမီတာအကွာ၌ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ပ်ဟွာ**

ကဘူးလ်မြို့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ အမေရိကန် ကန်ထရိုက်တာတစ်ဦး ဒဏ်ရာရရှိ

ကဘူးလ် ဇန်နဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်မြို့၏တောင်ပိုင်းတွင် နိုင်ငံခြားသားများ စီးနင်းလေ့ရှိသော မော်တော်ယာဉ်တစ်စီးအား ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အမေရိကန် ကန်ထရိုက်တာတစ်ဦးနှင့် အာဖဂန်နစ္စတန် နိုင်ငံသားနှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ဇန်နဝါရီ ၁၂ ရက်၌ ပြောကြားသည်။

တိုက်ခိုက်ခံရ

ဖြစ်ပွားသည့်နေရာမှာ ကဘူးလ်မြို့နှင့် လိုဂေါပြည်နယ်ရှိ ချာဆတ်ခရိုင်အကြား အဝေးပြေးလမ်းမကြီးပေါ်တွင်ဖြစ်ပြီး ဗုံးဖောက်ခွဲတိုက်ခိုက်ခံရခြင်း ဖြစ်သည်။

ထိန်းချုပ်

ထိုသို့ ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် မော်တော်ယာဉ်မီးလောင်ကျွမ်းမှု ဖြစ်ခဲ့ရပြီး ပျက်စီးခဲ့ရကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ထိုနေရာကို ထိန်းချုပ်ထားကြောင်း အဆိုပါ အရာရှိကပြောကြားသည်။

ယခု ဗုံးခွဲတိုက်ခိုက်ခြင်းမှာ ၂၀၀၇ခုနှစ်၌ အာဖဂန်နစ္စတန်တွင် ပထမဆုံးအကြိမ် ဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်သည်။ ကဘူးလ်မြို့၌ ရက်ပေါင်း ၃၀အတွင်း ဒုတိယအကြိမ် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ပ်ဟွာ**

သမ္မတဘုရှ်၏ အီရတ် မဟာဗျူဟာသစ် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝေဖန်

စတော့ဟုမ်း ဇန်နဝါရီ ၁၅

အမေရိကန်နိုင်ငံအနေဖြင့် အီရတ်ပဋိပက္ခ ဖြေရှင်းရေးအတွက် နိုင်ငံရေးအစီအမံများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွီဒင် နိုင်ငံခြားရေးဝန်ကြီး ကားလ်ဘိုင်းက ဇန်နဝါရီ ၁၁ ရက်က ဝေဖန် ပြောကြားသည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်သို့ ထပ်မံစေလွှတ်ခြင်းဖြင့် ဘဂ္ဂဒက်မြို့ တစ်ဝိုက်တွင် လုံခြုံရေးပြဿနာများ ဖြေရှင်းရာ၌ အထောက်အကူ ပြုကောင်း ပြုမည်မှန်သော်လည်း အီရတ်အုပ်စုကွဲများ နိုင်ငံရေး လုပ်ငန်းစဉ်တွင် ပါဝင်ရေး၊ အီရတ်နိုင်ငံတည်ငြိမ်ရေးအတွက် အိမ်နီးချင်း နိုင်ငံများ ကူညီရိုင်းပင်းရေးကိစ္စများကို ကိုင်တွယ်ရန်လည်း အရေးကြီးကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး ကားလ်ဘိုင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ပ်ဟွာ

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၅

ဟေမန္တဆောင်းဥတု မကာရရာသီ၏ ခွာညိုပန်းရနံ့လှိုင်လှိုင်သင်းသည့် ပြာသိုလတွင် ကျေးလက်ဒေသနေ ပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ ရသစုံစွာ ဖော်ပြပေးလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ကို ဇန်နဝါရီ ၁၅ ရက်က ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ်ဂျာနယ်တွင် ကျေးလက်ပြည်သူများအတွက် ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင် အထွက်နှုန်းရရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးခိုးမှိုင်းတိုက်ခြင်းဖြင့် သီးနှံပိုမိုထွက်ရှိနိုင်၊ မသွန်းရက်ပဲ စိုက်ပျိုးခြင်း၊ အိမ်ခြံမြေအတွင်း သစ်သီးပင်များ စိုက်ပျိုးခြင်း၊ ကျွဲနွားများအတွက် မြန်မာ့ဆေးစွမ်းကောင်းများ၊ ကွမ်းစားလို့ ကျောက်တည်နေသူများအတွက် ဆေး၊ ကြက်မွေးမြူမှု မြှင့်တင်ရေး၊ ကျေးလက် ဦးကြီးများအတွက် ဝင်ငွေတိုးလုပ်ငန်း၊ အရက်သောက်ခြင်းသည်အသည်းကိုထိခိုက်စေနိုင် စသည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် သုတ၊ ရသဖြစ်ဖွယ် ဆောင်းပါးများ၊ သတင်းဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်း စသည်များဖြင့် စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၃၀/၃၁ ၁၀ လမ်း(အောက်လမ်း)လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၃၇၁၃၄၅ နှင့် ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၁)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရား သင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သဒ္ဒါလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်နာယူနိုင်ကြောင်း သိရသည်။

(၃၅၂)

မိုးလေဝသဆိုင်ရာ လက်တွေ့အသုံးချမှုသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၅

မိုးလေဝသဆိုင်ရာ လက်တွေ့အသုံးချမှုသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပရာ ဧရာဝတီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ဒုတိယဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီး မြဝင်းနှင့် အရာရှိများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာစံလှသော်နှင့် ဆရာ ဆရာမများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် သင်တန်းကျောင်းအုပ်ကြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

သင်တန်းကာလမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိဖြစ်ပြီး သင်တန်းတွင် တပ်မတော်(ရေ)မှ သင်တန်းသားအရာရှိ သုံးဦး၊ ရေကြောင်းပညာတက္ကသိုလ်မှ ဆရာမ သုံးဦး၊ ရန်ကုန်တက္ကသိုလ်မှ မိုးလေဝသဘာသာရပ်ဆိုင်ရာ ပါရဂူဘွဲ့ သင်တန်းသူတစ်ဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်း ၁၁ ဦးတို့ တက်ရောက် သင်ကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယသုံးမဇ္ဈာအမှတ်စဉ်(၇)

ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတုလေးယောက်

လောကတွင် မိတ်ဆွေကောင်း မိတ်ဆွေစစ်များရှိသကဲ့သို့ မိမိအကျိုးကိုသာမျှော်ကိုး၍ ပေါင်းသင်းတတ်သော မိတ်ဆွေတု၊ မိတ်ဆွေယောင်များလည်း ရှိတတ်ပါသည်။ ထိုမိတ်ဆွေတုများအနက် အောက်ဖော်ပြပါ မိတ်ဆွေတုလေးမျိုးသည် လွန်စွာ သတိထားပေါင်းသင်းရမည့် ပုဂ္ဂိုလ်များဖြစ်ပါသည်-

- မိမိတို့ထံသို့လာသောအခါတွင် လက်ချည်းသက်သက်သာလာ၍ မိမိထံမှ ပြန်သောအခါဝယ် ဥစ္စာပစ္စည်းများများကို တောင်းရမ်းရယူသွားတတ်သောသူ။
- သူပိုင်ပစ္စည်းလက်ဆောင်အနည်းကိုသာပေးပြီး မိမိထံမှ ပစ္စည်းအများအပြားကို ပြန်လည်ရယူသွားတတ်သောသူ။
- ၎င်းဘေးဒုက္ခရောက်သည့်အခါတွင် မိမိထံသို့ အားမနာတမ်း ချဉ်းကပ်(အပူကပ်)ပြောဆိုတတ်သော်လည်း မိမိဘေးဒုက္ခရောက်သည့်အခါတွင် မသိဟန်ဆောင်၍ ရှောင်ထွက်သွားတတ်သောသူ။
- ကိုယ်ကျိုးစီးပွားကိုသာကြည့်၍ လာရောက်မှီခိုပေါင်းသင်းတတ်သောသူ။

ဤလေးမျိုးတို့သည် လောကတွင် မပေါင်းသင်းအပ်သော မိတ်ဆွေတု မိတ်ဆွေယောင်များသာ ဖြစ်ပါသည်။

"လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိအကျိုး၄ာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား၊ အညဒတ္တုဟုရတည်း"

လောက၏ ဆိုရိုးစကားရှိသည့်အတိုင်း နှုတ်ဖြင့်မြှောက်၍ ပေါင်းစားတတ်သည့် မိတ်ဆွေတု မိတ်ဆွေယောင်များကို ရှောင်ကွင်းနိုင်ခြင်းသည် လောကတွင် ကြီးပွားတိုးတက်ရာလမ်းကြောင်းတစ်ခု အပါအဝင်ဖြစ်ပါသည်။ ။

(သာသနာရေး)

ဇန်နဝါရီ ၁၅ ရက်က ၂၀၀၇ ခုနှစ် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးအစီအစဉ်အရ တာမွေမြို့နယ် ကျန်းမာရေးဦးစီးဌာန တာဝန်ခံဆရာဝန် ဒေါ်ဝေဆင့်ကျော်နှင့် ဝန်ထမ်းများ တာမွေကြီး က+ဂ ရပ်ကွက်ရုံး၌ ဆေးထိုးခြင်းလုပ်ငန်းဆောင်ရွက်ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်း၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဇေရီ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်နှင့် လူမှုရေးအသင်းအဖွဲ့များက ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းအား ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြစဉ်။ (က-ပ)

ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေးအနက် နေရေးလိုအပ်ချက်ဖြည့်ဆည်းပေးရေး၊ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အပေါ်အခြေခံ၍ သစ်တောသယံဇာတအရင်းအမြစ်များအား စနစ်တကျစီမံအုပ်ချုပ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

လုပ်ကိုင်ခွင့်ပြု

အနာဂတ်ကာလ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ တိုးတက်များပြားလာသည့် ပြည်သူလူထု၏ သစ်လိုအပ်ချက်ဖြည့်ဆည်းပေးရေးနှင့် သစ်တောကဏ္ဍမှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဒေသသုံး အခြားသစ်မျိုး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို မိမိတို့ဒေသအလိုက် သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ရှိသောမြေများတွင် မြေငှားရမ်း၍ တည်ထောင်လုပ်ကိုင်ခွင့်ပြုလျက်ရှိသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်လုပ်ကိုင်လိုသူများသည် ကျွန်းသစ်မျိုးမှအပ အခြား မိမိတို့ကြိုက်နှစ်သက်ရာ သစ်မျိုးများစိုက်ပျိုးရန်အတွက် အနည်းဆုံး မြေတစ်ဧကမှသည် ဆောင်ရွက်လိုသည့် ပမာဏအထိ လျှောက်ထားရယူနိုင်ကြသည်။

အကျိုးတရားတိုးပွား

ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ခြင်းသည် မိမိပိုင် သစ်တောအဖြစ် တရားဝင်ထုတ်ယူသုံးစွဲခွင့်ရရှိပြီး စီးပွားရေးအကျိုးအမြတ်များခြင်းသာမက နိုင်ငံတော်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း၊ ရာသီဥတုပြေပြစ်မျှတလာပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်တောသယံဇာတအမွေအနှစ်များ ဖန်တီးလွှဲပြောင်းပေးအပ်နိုင်ခြင်းစသည့် အကျိုးတရားများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ဗုဒ္ဓတရားတော်အရလည်း သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်း လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ဆက်သွယ်နိုင်

မိမိတို့၏ အကျိုးစီးပွားအတွက်ဆောင်ရွက်ရင်း နိုင်ငံတော်အကျိုး၊ လောကုတ္တရာကုသိုလ် အကျိုးတရားများပါ ရရှိနိုင်သည့် ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ပြည်နယ်၊ တိုင်း သစ်တောဦးစီးဌာနရုံးများသို့လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တယ်လီဖုန်းအမှတ် ဝ၆၇-၄ဝ၅ဝ၁၆၊ ဝ၆၇-၄ဝ၅၃၉၉၊ ဝ၆၇-၄ဝ၅ဝ၁၉ နှင့် ဝ၆၇-၄ဝ၅ဝ၈၂ နေပြည်တော်သို့လည်းကောင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးကတည်းကပါသည့်မျိုးစေ့ဗီဇတစ်မျိုး အယ်လ်ဇိုင်းမားဖြစ်ရန်အလားအလာပိုများ

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

မွေးကတည်းက တစ်စုံတစ်ရာသော မျိုးစေ့ဗီဇပါလာသည့် သူများသည် အသက်အရွယ်ရလာသောအခါ အယ်လ်ဇိုင်းမား(ခေါ်)အကြို့ဇရာရောဂါ ဖြစ်ရန် အလားအလာပိုများကြောင်း သုတေသီများက ပြောကြားသည်။

ဆားလ်-၁ မျိုးစေ့ဗီဇနှင့်နာမကျန်းဖြစ်မှုတို့ ဆက်စပ်မှုရှိကြောင်း ကနေဒါနှင့် အမေရိကန်သိပ္ပံပညာရှင်များက တွေ့ရှိသည်။



ဦးနှောက်ကို ဖျက်ဆီးနိုင်သည့် ဓာတုပစ္စည်းများ တဖြည်းဖြည်းများလာခြင်းကို ဖယ်ရှားရာ၌ ပါဝင်ကောင်း ပါဝင်သည့် ပရိုတိန်းတစ်မျိုးကို ဆားလ်-၁ မျိုးစေ့ဗီဇက ထုတ်ပေးသည်။

ဗြိတိန်နိုင်ငံ၌ ရောဂါကြောင့် စိတ်ဖောက်မှုရှိသည့် ရောဂါသည် ၇၅၀၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းပြီး၊ အယ်လ်ဇိုင်းမားရောဂါမှာ အများဆုံးဖြစ်သည်။ မှတ်ဉာဏ်ချို့ယွင်းမှု၊ မိန့်ခွန်းနှင့် နားလည်မှုတို့တွင် ပြဿနာတက်ကာ ရှုပ်ထွေးမှုတို့မှာ အဖြစ်များသော ရောဂါလက္ခဏာများဖြစ်သည်။

(ကိုးကား-အင်တာနက်)

သွေးဆေးကန်အရှင်နန္ဒာစရိယ အထူးတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇဓမ္မာစရိယ၊ ဂန္ထဝါစက ဓမ္မာစရိယသည် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မွေတော်ကျေးရွာ မွေတော်ကျောင်းတိုက်ကြီးအတွင်း၌ တတိယအကြိမ် ခုနစ်ရက် တရားစခန်းပွဲကို တပို့တွဲလဆန်း ၉ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက်အထိ ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကြည့်ရှုလေ့လာ

နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် နီပေါ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ–နီပေါ နှစ်နိုင်ငံ စာနယ်ဇင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုများမြှင့်တင်ရေး အတွက် ရန်ကုန်မြို့တွင်ရောက်ရှိနေသော နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ နီပေါနိုင်ငံ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ပုဂံ ရေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိကြပြီး ရွှေစည်းခုံစေတီနှင့် အာနန္ဒာဘုရားတို့ကို သွားရောက်ဖူးမြော်ကြသည်။

ဆက်လက်၍ နီပေါနိုင်ငံ သတင်းစာဆရာများ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တာဝန်ရှိသူများက ပြတိုက်အကြောင်း သိကောင်းစရာများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ညှော့သည်တော် နီပေါနိုင်ငံ သတင်းစာ ဆရာများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ယွန်းပညာကောလိပ်သို့သွားရောက် လေ့လာကြရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကောလိပ်၏ သမိုင်းနှင့် သင်ကြားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် ညှော့သည်တော် နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ တန်ခိုးကြီး စေတီပုထိုးများအား လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

မြန်မာ့အသံလေ့လာ

နီပေါနိုင်ငံ သတင်းစာ ဆရာများ အသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နီပေါနိုင်ငံ သတင်းစာ ဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အစည်းအဝေးခန်းမ၌ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအကြောင်း သိကောင်းစရာများနှင့် ပြည်သူများအား ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်အတွက် ရိုက်ကူးထုတ်လွှင့်မှုများကို ရှင်းလင်းပြောကြားသည်။

အပြန်အလှန်ပေးအပ်

ထို့နောက် ညှော့သည်တော် နီပေါနိုင်ငံ သတင်းစာ ဆရာများအသင်း ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးတို့သည် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ညှော့သည်တော် နီပေါနိုင်ငံ သတင်းစာ ဆရာများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွင်း ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ညှော့သည်တော် နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့် ညှော့သည်တော် နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော်ရှိ ဆင်ဖြူတော်ဆောင်သို့ ရောက်ရှိပြီး ရာဇဂဟသိရိပစ္စယဂဇရာဇာ၊ ရတီမာလာနှင့် သီဂီမာလာ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ရေကျော်ကျေးရွာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ရောဝတီတိုင်း ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ရေကျော်ကျေးရွာ မဟာဓမ္မိကာရာမပိဋကတ်ကျောင်းတိုက်ကြီးအတွင်း၌ တတိယအကြိမ်ကျင်းပမည့် ခုနစ်ရက် တရားစခန်းပွဲကြီးကို (တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၁၁ ရက်) ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ရွှေရတနာဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂန္ထဝါစက ဓမ္မာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဒေးဒရဲမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံ (၅၇) အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

အသင်းဝင်များအားလုံးနှင့် ရန်ကုန်ရောက် ဒေးဒရဲမြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ သက်ကြီးပူဇော်ကန်တော့ခံရန် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၇၉)နှစ်ပြည့်ပြီး အသင်းဝင်များနှင့် အသင်းဝင်မိသားစုများသည် မှတ်ပုံတင်မိတ္တူဖြင့် လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် ဇန်နဝါရီ၂၁ ရက် နောက်ဆုံးထား၍ ဦးမျိုးလွင် ဖုန်း–၅၄၄၂၇၃၊ ဦးဇော်လွင် ဖုန်း–၀၉–၈၀–၃၁၇၄၈၊ ဦးစိုးသိန်း ဖုန်း–၀၉–၅၁–၃၆၇၉၈နှင့် ဒေါ်ခင်စောလှ ဖုန်း– ၅၀၀၁၆၁ တို့သို့ စာရင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ပဲကြီးဖြတ်ဖွင့်လှစ်

၂၀၀၇ ခုနှစ် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက်က တောင်ဥက္ကလာပမြို့နယ် ဒေသန္တရ ကျန်းမာရေးခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်လှရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၀၀)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်)၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် အလှူရှင်များဖြစ်ကြသည့် စာသူကြီးစာပေတိုက်နှင့်အဖွဲ့က အလှူငွေကျပ်တစ်သိန်း၊ ရီဂျူး(REJU)ကုမ္ပဏီကိုယ်စား မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) က အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများက လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၆/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အထူးပြုပို့ချ

အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးများ ကျင်းပခြင်း၊ နိုင်ငံတကာ လူမှုဆက်ဆံရေး နီတိ၊ သံတမန် ဆက်ဆံရေး၊ သံတမန် စာနှင့် ရုံးသုံးစာများ ရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှု အတတ်ပညာ၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ နိုင်ငံတကာဥပဒေ၊ စေ့စပ်ညှိနှိုင်းခြင်းပညာများကို အထူးပြု ပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ပ ပယောဂများနှင့် ပြည်တွင်းသစ္စာဖောက်များ၏ မဟုတ်မမှန်လုပ်ကြံသတင်းလွှင့်ချက်များ ပြည်သူများ အမှန်နှင့်အမှား ကွဲကွဲပြားပြား ခြားခြားနားနားသိရှိအောင်ဆောင်ရွက် အဖျက်သမားများ၏ ကောလာဟလများကို ရှင်းလင်းနိုင်သူ ပြန်ကြားရေးမှူးကောင်းများဖြစ်အောင်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၈)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက အမှာစကားပြောကြားရာတွင် ဤသင်တန်းတွင် ခေါင်းဆောင်မှုပညာ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာရေးရာများ၊ သတင်းစာများ၏ သမိုင်းအကျဉ်း၊ သတင်းဆိုသည်မှာ၊ သတင်းပုံစံများ၊ သတင်းအသွင်အမျိုးမျိုး၊ ပြည်သူ့ထံမှပေးစာ၊ သတင်းစာရှင်းလင်းပွဲ သတင်းယူခြင်း၊ သတင်းခေါင်းစဉ်တပ်ခြင်း၊ သတင်း တည်းဖြတ်ခြင်း၊ သတင်းအတွက် သုတေသနပြုခြင်း၊ သတင်းရနိုင်သော အခြေအမြစ်များ၊ သတင်းဘာသာပြန်ခြင်း၊ သတင်းထောက်လှမ်းခြင်းအမျိုးမျိုး၊ သတင်းစာခေါင်းကြီးပိုင်းရေးသားခြင်း၊ စာစီလုပ်ငန်း၊စာမျက်နှာပြင်ဆင်ခြင်း၊ ဖလင်ဖလက်ဖတ်ခြင်း၊သတင်းစာနှင့်ပတ်သက်သော ဥပဒေများ၊ သတင်းစာကျင့်ဝတ်၊ စာပြင်ခြင်း၊ သတင်းစာထုတ်လုပ်ပုံအဆင့်ဆင့်၊ လက်တွေ့ သတင်းစာထုတ်လုပ်ခြင်း၊ မှားတတ်သော မြန်မာစာအရေးအသား၊ ပုံနှိပ်ပညာအခြေခံ တန်ဖိုးတွက်ခြင်း ဆောင်းပါးများရေးသားခြင်း၊ သတင်းဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုကင်မရာရိုက်ခြင်း၊ ရေဒီယိုဂျာနယ်လစ်ဇင်၊ ရုပ်မြင်သံကြား တည်းဖြတ်ခြင်း၊ ကဗျာစပ်နည်းအခြေခံ၊ ကာတွန်းရေးဆွဲခြင်း၊ အင်တာနက်သတင်းတည်းဖြတ်ခြင်း၊ အသုံးပြုထည့်သွင်းခြင်းစသည့် ပညာရပ်များကို လေ့လာဆည်းပူးကြရမည်ဖြစ်ကြောင်း။

တက်တက်ကြွကြွဆောင်ရွက်

ဤကဲ့သို့ အခြေခံသတင်းစာပညာသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် သတင်းထောက်ကောင်းများ၊ ကျွမ်းကျင်သည့် သတင်းစာဆရာများ၊ စာတည်းများ၊ ဓာတ်ပုံသတင်းထောက်များ၊ ကင်မရာမင်းများပေါ်ထွက်လာပြီး ပြည်တွင်းပြည်ပ မှုမမှန်သည့် မီဒီယာထိုးစစ်များကို ဘက်ပေါင်းစုံကနေပြီး တန်ပြန်ထိုးစစ်ဆင်နိုင်ရေးအတွက် များစွာအထောက်အကူပြုသွားနိုင်မည် ဖြစ်ကြောင်း၊ ယနေ့မျက်မှောက်ခေတ်သည် သတင်းအချက်အလက် နည်းပညာခေတ် (Age of Information Technology) ဖြစ်သည့်အတွက် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ (Global Village) သဖွယ်ဖြစ်လာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဲ့သို့ အခြေအနေမျိုးတွင် ပုံနှိပ်မီဒီယာလုပ်ငန်းကို အီလက်ထရွန်နစ်မီဒီယာလုပ်ငန်းနှင့် ပေါင်းစပ်ပြီး ဝါဒဖြန့်ချိရေးလုပ်ငန်းများ၊ သတင်းပြန်ကြားရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လိုအပ်လာကြောင်း၊ **ပြည်တွင်း ပြည်ပက အဖျက်သမားများသည် နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအပေါ် ပြောဆိုရေးသား ဝေဖန်ချက်များကို တုံ့ပြန်ချေဖျက်နိုင်အောင် အသင်းဝင်များနှင့် ပြည်သူလူထုက အမှန်ကို အမှန်အတိုင်း သိရှိအောင် တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊** ယနေ့ နိုင်ငံတကာ၌ IT နည်းပညာသည် အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတွင်ကျယ် ကြီးစိုးလာသည့်အတွက် သတင်းအချက်အလက်တစ်ခုကို ကမ္ဘာ့အစိတ်အပိုင်းနေရာ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သော အချိန်ကာလတစ်ခုဖြစ်သည့်အတွက် နိုင်ငံကြီးအချို့သည် IT နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အသာစီးယူပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်အောင် မီဒီယာများဖြင့် ဝင်ရောက်ထိပါး ထိုးနှက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကွန်ပျူတာပညာရပ်များဖြင့် ထိတွေ့မှု ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း IT နည်းပညာရပ်များကို တွင်ကျယ်စွာ အသုံးချရန် နှောင့်နှေးခဲ့ရကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၈)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တန်ပြန်ချေဖျက်

သို့ရာတွင် နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ မြန်မာ့ IT ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် နိုင်ငံတကာအဆင့်မီ IT ပညာရပ်များ၊ အခြေခံအဆောက်အအုံများ အချိန်တိုကာလအတွင်းတွင် ပေါ်ထွန်းလာသည်ကို တွေ့မြင်ကြရပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ တိုးတက်လာသည့် မြန်မာ့ IT နည်းပညာရပ်များထဲတွင် အခြေခံ IT နည်းပညာရပ်များ၏ ပုံနှိပ်မီဒီယာ၊ လူလူချင်း သတင်းဆက်သွယ်ရေးမီဒီယာများနှင့်ပေါင်းစပ်ပြီး ပြည်တွင်းပြည်ပ မဟုတ်မမှန်လုပ်ကြံသတင်းလွှင့်ထိုးနှက်ချက်များကို ထိထိရောက်ရောက် တန်ပြန်ချေဖျက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပ ပယောဂများနှင့် ပြည်တွင်းသစ္စာဖောက်များ၏ မဟုတ်မမှန် လုပ်ကြံသတင်းလွှင့်ချက်များကြောင့် ပြည်သူအချို့သည် အမှန်နှင့်အမှား မခွဲခြားနိုင်ဘဲ သံသယဝင်သွားခြင်းများရှိသည်ကိုလည်း တွေ့နေရကြောင်း၊ ယခုကဲ့သို့ သတင်းအမှန်နှင့်အမှား ကွဲကွဲပြားပြား၊ ခြားခြားနားနားသိရှိရအောင် ဆောင်ရွက်ရန် သင်တန်းသားများ၌ တာဝန်ကျလာပြီဖြစ်ကြောင်း၊ သတင်းမီဒီယာလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာ စောင့်ထိန်းရမည့် စည်းကမ်းနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့ကြီးက အတည်ပြုပြဋ္ဌာန်းထားသော စာနယ်ဇင်းဆိုင်ရာပြဋ္ဌာန်းချက်ကိုဤနေရာတွင် ထည့်သွင်းပြောကြားလိုကြောင်း၊ ယင်းပြဋ္ဌာန်းချက်မှာတော့ နိုင်ငံခြားတိုင်းပြည်တစ်ခုနှင့်ပတ်သက်သည့် အဖြစ်အပျက်များကို ဖော်ပြဝေဖန်သူများအနေဖြင့် ထိုနိုင်ငံအကြောင်းကို လေ့လာသိရှိဆည်းပူးထားရန် တာဝန်ရှိကြောင်း၊ သို့မှသာ ယင်းအပေါ်တွင် တိတိကျကျနှင့် တရားမျှတစွာ ဝေဖန်ဖော်ပြနိုင်မည်ဖြစ်ကြောင်း၊ (၁) ရိုးသားစွာ သတင်းစုဆောင်းပြီး ထုတ်ဝေဖြန့်ချိရေး၊ (၂)တရားမျှတစွာဝေဖန်ရေးသားဖော်ပြရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်ဆိုသည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း။

သို့ရာတွင် ယနေ့နိုင်ငံကြီးများ၏ သတင်းမီဒီယာလုပ်ငန်း အချို့သည် လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို အမှားကိုအမှန်၊ အမှန်ကိုအမှားဖြစ်အောင် သတင်းထုတ်လွှင့် ထိုးနှက်နေခြင်းသည် စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်များကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း အားလုံးသိကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **“ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့”** စကားနှင့်အညီ အသင်းကြီး၏ စည်းရုံးရေးဖြစ်သည့် **“စည်းရုံးမှုဖြင့်အောင်မြင်ရေး၊ အောင်မြင်မှုဖြင့်စည်းရုံးရေး”** ဆိုသည့် နေရာတွင် အမှန်တရားကိုအခြေခံ၍ စည်းရုံးရန်ဆိုသည်ကို အမြဲလက်ကိုင်ထားပြီး အသင်းဝင်သင်တန်းသား သင်တန်းသူများအနေဖြင့် ပြည်သူလူထုအတွင်း မိမိတို့၏ မီဒီယာလုပ်ငန်းများကို ထိုးဖောက်လွှမ်းမိုးနိုင်ရန် သတင်းမီဒီယာထိုးစစ်များကို မှန်မှန်ကန်ကန် တရားသဖြင့် တန်ပြန်ထိုးစစ်ဆင်နိုင်ရန် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- သင်တန်းသား သင်တန်းသူများသည် မှန်ကန်သော အသိအမြင်၊ ခံယူချက်၊ ရပ်တည်ချက်များဖြင့် ပြည်သူလူထုကို မိမိယုံကြည်သကဲ့သို့ ယုံကြည်သက်ဝင်လာအောင် ရှင်းလင်းစည်းရုံးနိုင်စွမ်းရှိပြီး အဖျက်သမားများ၏ ကောလာဟလများ၊ တီးတိုး ဝါဒဖြန့်မှုများကို မှန်မှန်ကန်ကန် ရှင်းလင်းနိုင်သူ စည်းရုံး ရေးမှူးကောင်းများ၊ ပြန်ကြားရေးမှူးကောင်းများ ဖြစ်အောင် ဝါရင့်နည်းပြဆရာကြီးများ၏ ပို့ချချက်များကို အပတ်တကုတ် ဆည်းပူးလေ့လာကြပါ။
- တိုင်းရင်းသား ပြည်သူများအကြား ဒို့တာဝန်အရေးသုံးပါးကို ခံယူလိုစိတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားနေအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးကို ခံယူ၊ ဦးတည်ချက်(၁၂)ရပ်အတိုင်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးကို အမျိုးသားရေး တာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြပါ

ဟု တိုက်တွန်းပြောကြားသွားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းသည် တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၄ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၂၀၀၇ ခုနှစ် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးခြင်း ဖွင့်ပွဲအခမ်းအနားကို (၁၃၃) ရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုးဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မျိုးသန့် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၀၀)

မဟာစည် ဟိတေသီအဖွဲ့ ဒုလ္လဘစာရင်းပေးသွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့မိသားစုများ၏ အကြိမ်(၄၀)မြောက် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူပွဲကို ဧပြီ ၈ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ဟိတေသီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ၌ ပါဝင်လိုသူများသည် ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၄ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဘယ်သူ့အတွက် ဒိုင်ယာလော့ဂ်လဲ၊ ဘာအတွက် ဒိုင်ယာလော့ဂ်လဲ၊ ကျွန်စော်နံတဲ့ ဒိုင်ယာလော့ဂ်မျိုးတွေ ဝေရာမဏီပါပဲ

ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီ သံအမတ်ကြီးက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့် ဖိအားပေးပြီးလိုက်နာစေမည့် တစ်ဖက်သတ်စွပ်စွဲချက်များ တင်သွင်းခဲ့ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ မဲခွဲဆုံးဖြတ်တဲ့အခါ အဖွဲ့ဝင် ၁၅နိုင်ငံအနက် ကိုးနိုင်ငံက အမေရိကန်နဲ့ ဗြိတိန်တို့ ပူးတွဲတင်သွင်းတဲ့ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မယ့်အဆိုကို ထောက်ခံလိုက်ကြပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးမှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် အာဏာပေးမထားဘူးလို့ အတိအလင်းဖော်ပြထားတာကို မထီမဲ့မြင်ပြုပြီး အဆိုတင်ပြ ထောက်ခံကြတဲ့ သဘောပါပဲ။

အဲဒီအဆိုမှာပါတဲ့ စွပ်စွဲချက်တွေအတိုင်း မြန်မာ့အခြေအနေဟာ ဒေသတွင်းနဲ့ နိုင်ငံတကာလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှုရှိတယ်ဆိုတာ မမှန်ကန်တဲ့အတွက် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာကိုယ်စီသုံးပြီး ကန့်ကွက်ပယ်ချလိုက်ကြပါတယ်။ ဗီတိုအာဏာ တစ်ခုနဲ့တင် အဆိုတစ်ခု ပယ်ချနိုင်ပါတယ်။ ခုတော့ Double Veto ဗီတိုအာဏာ နှစ်ထပ်ကွမ်း၊ ဗီတိုနှစ်လုံးနဲ့ ပယ်ချလိုက်တာပဲဖြစ်ပါတယ်။ အမေရိကန်နဲ့ အပေါင်းပါတွေဟာ ကုလသမဂ္ဂဆုံးဖြတ်ချက် တားမြစ်ချက်အခြေခံမှု၊ ပဋိညာဉ်စာချုပ်ပါ အချက်အလက်များကို သွေဖည်ပယ်လှန်ကြပြီး ကုလသမဂ္ဂကိုအသုံးချ သာတဲ့အခါ အသုံးချပြီး ကမ္ဘာကို မွှေနှောက်ဒုက္ခပေးနေတာကြာပါပြီ။ အခုကိစ္စမှာတော့ အမေရိကန်ရဲ့ မတော် မတရားလုပ်လွန်းမှုကို ကမ္ဘာက သင်ခန်းစာပေးလိုက်တာပါပဲ။ တောင်အာဖရိက နိုင်ငံကလည်း အမေရိကန်အဆိုကို ကန့်ကွက်မဲပေးခဲ့ပါတယ်။ အင်ဒိုနီးရှား၊ ကွန်ဂိုနဲ့ ကာတာနိုင်ငံတွေက ကြားနေခဲ့ကြပါတယ်။

၂၀၀၆ခုနှစ် စက်တင်ဘာ ၁ရက်နေ့တုန်းက ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ် ဂျွန်ဘိုလ်တန်(အခုနုတ်ထွက်သွားရသူ)က မြန်မာ့အခြေအနေဟာ ဒေသတွင်းနဲ့ နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်နေလို့ လုံခြုံရေးကောင်စီ ဆွေးနွေးမယ့် အစီအစဉ်မှာ ထည့်သွင်းဖို့ အဆိုတင်ခဲ့တယ်။ အဲဒီတုန်းက တရုတ်၊ ရုရှား၊ ကာတာ၊ ကွန်ဂိုနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး တန်ဇန်းနီးယားနိုင်ငံက ကြားနေခဲ့ပါတယ်။

အဲဒီလုပ်ရပ်ကို ၂၀၀၆ခု အောက်တိုဘာ ၁၀ ရက်နေ့မှာ မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမမှာ ကျင်းပတဲ့ အမျိုးသားညီလာခံ စုံညီအထူးအစည်းအဝေးကြီးမှာ ကိုယ်စားလှယ် ၁၀၈၁ ဦး ပါဝင်တဲ့ ညီလာခံအစုအဖွဲ့ရှစ်ခုက ကန့်ကွက်ရှုတ်ချခဲ့ကြပါတယ်။ အဲဒီစုံညီအထူးအစည်းအဝေးကြီးမှာ အဆိုလေးရပ် တင်သွင်းထောက်ခံကြပြီး စုံညီသဘာပတိအဖွဲ့က ကိုယ်စားလှယ်များ ဆန္ဒရယူ အတည်ပြုခဲ့ပါတယ်။ စုံညီအထူးအစည်းအဝေးသို့ ကိုယ်စားလှယ် ၉၉ ဒသမ ၄၄ ရာခိုင်နှုန်း တက်ရောက်ကြပါတယ်။

တင်သွင်းဆုံးဖြတ်တဲ့ အဆိုလေးရပ်မှာ **(၁)"မြန်မာနိုင်ငံ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးလုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း"**အဆို။ (အဲဒီအဆိုကို နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စား ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးစောစံရွှေက တင်သွင်းပြီး ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်များ အစုအဖွဲ့ကိုယ်စား ဦးသိမ်းကြည်က ထောက်ခံတင်ပြသွားခဲ့ပါတယ်။)

အဆို ၂။ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအားထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံ၏ အကြောင်းပြ စွပ်စွဲချက်များ လုံးဝမှန်ကန်မှုမရှိကြောင်း"** အဆို (အဲဒီအဆိုကို တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့ကိုယ်စား ချင်းပြည်နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးလာလ်တင်မန်းက တင်သွင်းပြီး တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဟောင်းဂျုံးက ထောက်ခံတင်ပြသွားခဲ့ပါတယ်။)

အဆို ၃။ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်စေသည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် လုပ်ဆောင်ခဲ့သည့် အမေရိကန်နိုင်ငံသို့ မဟုတ်မမှန် လုပ်ကြံသတင်းများ ပေးပို့နေခြင်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း"**အဆို။ (ယင်းအဆိုကို အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ် ဦးအောင်စန်းက တင်သွင်းပြီး အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စား တက္ကသိုလ်မြတ်သူက ထောက်ခံပါတယ်။)

အဆို ၄။ **"မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်လာနိုင်သည်ဟု အကြောင်းပြစွပ်စွဲပြီး လုံခြုံရေး ကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေး လုပ်ဆောင်မှုသည် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီး လုပ်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက်ကြောင်း"**အဆို။ (ယင်းအဆိုကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က တင်သွင်းပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ကိုယ်စား ဦးမန်ရှုန်တိန့်ဆောင်က ထောက်ခံသွားခဲ့ပါတယ်။)

ငြိမ်းချမ်းရေးရယူပြီး မိမိတို့ဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၊ ပြည်သူတို့နဲ့ လက်တွဲဆောင်ရွက်နေကြတဲ့ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အသီးသီးက အမေရိကန်ရဲ့ မြန်မာ့ပြည်တွင်းရေးဝင်စွက်မှုကို လက်မခံကြောင်း ထုတ်ပြန်ကြေညာ ကန့်ကွက်ရှုတ်ချခဲ့ပါတယ်။

အဲဒီလုပ်ရပ်ကို အကြောင်းအမျိုးမျိုးကြောင့် မလွှဲမရှောင်သာ ထောက်ခံမဲပေးရတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်တွေကတောင် ဝမ်းသာအားရရှိကြောင်း မဖော်ပြခဲ့ဘဲ အမျိုးသားသစ္စာဖောက် ပြည်ပြေးတွေ၊ ပြည်တွင်း အဖျက်သမားတွေကသာ ဝမ်းသာအူမြူးပြခဲ့ကြတာပါ။

အခု ဇန်နဝါရီလ ၁၁ရက်နေ့မှာ အမေရိကန်က ကုလသမဂ္ဂကို အဆိုပြုချက်မတင်မီနဲ့ တင်ထားဆဲကာလတစ်လျှောက် ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေ မျှော်လင့်တကြီးနဲ့ ကိုယ့်နိုင်ငံ ဒုက္ခရောက်မှာကိုပဲ ယောက်ဖ ထီပေါက်သလောက် ဝမ်းသာအားတက် ပြခဲ့ကြတယ်။ အခု ဗီတိုအာဏာ နှစ်ထပ်ကွမ်းဖြင့် အမေရိကန်နဲ့ဗြိတိန်တို့ရဲ့အဆိုကို ပယ်ချလိုက်ပြန်တယ်။ အခုတော့ ပြည်ပြေးပုဆိန်ရိုးတို့ ပွဲတိတ်သွားကြပါတော့တယ်။

အမေရိကန်ရဲ့ အဲဒီပယ်ချခံရတဲ့ အဆိုမှာပါတဲ့ စွပ်စွဲချက် မမှန်ကန်၊ မြန်မာနိုင်ငံရဲ့ အခြေအနေမှာ ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်းမရှိလို့ ဖိလစ်ပိုင်နိုင်ငံ စီးဘူးမြို့မှာ ကျင်းပတဲ့ အာဆီယံနိုင်ငံများ၏ အစည်းအဝေးက ပြတ်ပြတ်သားသား ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်တယ်။

ဦးပြေကျော်

အဲဒီ အမေရိကန်စွပ်စွဲချက်တွေထဲမှာ တစ်ချက်ကတော့ "ထိရောက်လုံလောက်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို အချိန်မဆိုင်းဘဲ စတင်ရန် မြန်မာအစိုးရအား တောင်းဆိုပါသည်။ ဤသို့ဖြင့် စစ်မှန်သော ဒီမိုကရေစီသို့ ကူးပြောင်းနိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးတွင် အဓိကအခန်းမှ ပါဝင်သူ Stake holders အားလုံး၊ လူမျိုးစုကိုယ်စားလှယ်များ၊ နိုင်ငံရေးခေါင်းဆောင်များကို ပါဝင်စေပြီး ဆွေးနွေးပွဲစတင်ရန်တောင်းဆိုပါသည်" ဆိုတဲ့အချက်ပါ။ အမေရိကန်ရဲ့ ခတ်ပြားဟောင်းတစ်ချပ်ပါ။

အရှေ့အလယ်ပိုင်း ပဋိပက္ခပြေငြိမ်းဖို့၊ အထူးသဖြင့် ပါလက်စတိုင်းဒေသအရေး ပြေလည်ဖို့ ပါလက်စတိုင်းပြည်သူတွေက ခေါင်းဆောင်တင်ထားတဲ့ ခေါင်းဆောင်အာရာဖတ်နဲ့ မတွေ့ဆုံ၊ မဆွေးနွေးနိုင်ဘူး။ အခု ပါလက်စတိုင်းလူထုက ဆန္ဒမဲပေးရွေးကောက်တင်မြှောက်ထားတဲ့ဟားမတ်စ်အဖွဲ့ခေါင်းဆောင်နဲ့ မတွေ့ဆုံ၊ မဆွေးနွေးနိုင်ဘူးလို့ ခါးခါးသီးသီးဖြစ်နေတဲ့ အမေရိကန်အစိုးရ(တခြား အဲဒီလို ဥပမာတွေ အများကြီးရှိပါသေးတယ်) ဟာ မြန်မာနိုင်ငံမှာ သူတို့ရုပ်သေးရုပ်လို့ သတ်မှတ်ထားတဲ့ NLD ခေါင်းဆောင်နဲ့ ဒိုင်ယာလော့ဂ်လုပ်ဖို့ (ဆွေးနွေးဖို့) ဘာပြုလို့ အတင်းတိုက်တွန်းနေရတာလဲ။

ဒါက ရှင်းပါတယ်။ မြန်မာနိုင်ငံမှာ အမေရိကန်စစ်စခန်းတွေချ၊ စီးပွားရေးသမားတွေ အခြေချ လက်ဝါးကြီးအုပ်၊ အမေရိကန်စီအိုင်အေ ထောက်လှမ်းခြေရှုပ်ရေး၊ သူလျှိုတွေလွတ်လွတ်လပ်လပ်ခြေရှုပ်ပြီး ဒေသတွင်း ကမောက်ကမ ဖြစ်အောင် လုပ်ဖို့ပါပဲ။ အဲဒီလိုလုပ်နိုင်ဖို့ ဘာလိုအပ်သလဲ။ ဒါလဲ ရှင်းပါတယ်။ မြန်မာနိုင်ငံမှာ သူတို့ဩဇာခံ ရုပ်သေးအစိုးရတက်လာမှ အဲဒီအမေရိကန် ရည်ရွယ်ချက်တွေ ပေါက်မြောက်မယ်လေ။ ဒါ့ကြောင့် ရုပ်သေးအစိုးရတင်ဖို့ နည်းမျိုးစုံသုံးပြီး မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖျက်လိုဖျက်ဆီး လုပ်နေတာပေါ့။

သူတို့ရုပ်သေးရုပ်က ဘယ်သူလဲ။ ပြောမှသိမယ်ဆိုရင်တော့ ပြောရမှာပေါ့။ အဲဒါကတော့ အနောက်အုပ်စု အကျိုးကလွဲပြီး ဘယ်မြန်မာပြည်သူ အကျိုးမှ မလုပ်တဲ့အပြင် ပြည်သူတွေကို အမေရိကန်၊ အင်္ဂလိပ်နဲ့ ပေါင်းတိုက်နေတဲ့ ဒေါ်စုကြည်ဆိုသူပေါ့။ အခု အမေရိကန်နဲ့ နောက်လိုက်အပေါင်းပါတွေပြောနေတဲ့ ရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ဒိုင်ယာလော့ဂ်ဆိုတာဟာ အဲဒီဒေါ်စုကြည်နဲ့ အဓိကဆွေးနွေးပြီး အနောက်က ခိုင်းတဲ့အတိုင်း ဒေါ်စုကြည် တောင်းဆိုသမျှ လိုက်လျော၊ တိုတိုပြောရရင် ဒေါ်စုကြည်လက် နိုင်ငံထိုးအပ်လိုက်ဖို့ပါပဲ။

သူ့ကျွန်ဘဝမှာ ၁၂၃ နှစ်ကြာ အလူးအလဲခံခဲ့ရတဲ့ နယ်ချဲ့ပယောဂ၊ ဂိုဏ်းဂဏဝါဒအုပ်စုစွဲနဲ့ နိုင်ငံကို ပြည်တွင်းသောင်းကျန်းမှု စစ်မီးဒဏ်ရာစုနှစ် တစ်ဝက်လောက် မရှုမလှခံခဲ့ရတဲ့ မြန်မာတွေကတော့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည် နေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကျွန်စော်နံ ပြန်လေဦးတော့လို့ ပြည်သူတွေက အော်ထုတ်နေကြတာပေါ့။ မြန်မာပြည်သူတွေ ဆင်းရဲတော်ပြတ်အောင် စီးပွားရေးပိတ်ဆို့ဖို့၊ မြန်မာနိုင်ငံကို ပြည်ပကဝင်တိုက်ဖို့၊ ဝင်စွက်ဖို့၊ မြန်မာနိုင်ငံကိုပေးနေတဲ့ အကူအညီတွေရပ်ဆိုင်းဖို့၊ မြန်မာနိုင်ငံမှာ ပြည်ပက လာရောက်ရင်းနှီး မြှုပ်နှံခြင်းမပြုဖို့၊ ကမ္ဘာလှည့် ခရီးသည်တွေ မြန်မာနိုင်ငံမလာကြဖို့၊ မြန်မာနိုင်ငံက ထွက်ကုန်တွေ မဝယ်ယူဘဲ သပိတ်မှောက်ကြဖို့ တောင်းဆို ဒုက္ခပေးနေတဲ့ ဒေါ်စုကြည်။

ပြည်ပြေး ဝရမ်းပြေးတွေ၊ နိုင်ငံတော်ကို သစ္စာဖောက်ဖျက် ပုန်ကန်နေတဲ့ သောင်းကျန်းသူတွေနဲ့ ဆက်ဆံ၊ ဆက်သွယ်အားပြုနေတဲ့ ဒေါ်စုကြည်၊ ပြည်ပနယ်ချဲ့အုပ်စုအတွက် ပြည်တွင်းမှာ နှောက်နေတဲ့ ဒေါ်စုကြည်၊ သူနဲ့ ဆွေးနွေးမလား၊ လုံးဝပျက်သုဉ်းရေး လမ်းကြောင်းပေါ် လျှောက်မလားလို့ ခြိမ်းခြောက်ခဲ့တဲ့ ဒေါ်စုကြည်၊ ပြည်သူတွေ ဆင်းရဲတော်ပြတ်အောင် ပိတ်ဆို့ခိုင်းပြီး သူကိုယ်တိုင်ကျတော့ နယ်ချဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေရဲ့ သစ္စာဖောက်ခ ဆုကြေးတွေ နင့်နေအောင်ယူ၊ မူလနေရင်း အနောက်နိုင်ငံမှာပဲ စုဆောင်းနေတဲ့ မစုကြည်လိုလူနဲ့ ဘယ်သူက ဘာ့ကြောင့် ဆွေးနွေးရမှာလဲလို့ မေးလိုက်စမ်းချင်ပါဘိ။ ဒေါ်စုကြည်ဟာ NLD ပါတီဝင်ထုနဲ့ ဗဟိုအလုပ်အမှုဆောင်တွေရဲ့ တင်ပြချက် အကြံဉာဏ်ထက် ပြည်ပက သံတမန်တွေ၊ ကိုယ်စားလှယ်တွေရဲ့ ဩဝါဒနဲ့ ညွှန်ကြားချက်ကိုသာခံယူ၊ ပါတီတွင်းက ဝေဖန်အကြံပြုလာသူတွေကို ပါတီက ထုတ်ပစ်ခဲ့ပေါင်းလည်း များပါပြီ။ ဒေါ်စုကြည်ဟာ မြန်မာပြည်သူတွေကို လုံးဝကိုယ်စားမပြု၊ အနောက်အုပ်စုရဲ့ ကိုယ်စားလှယ်မျှသာဖြစ်ကြောင်း သိလာရလို့ ပါတီဝင်တွေထွက်နေကြတာ ကုန်လုကုန်ခင်ပါပဲ။ ဒီမိုကရေစီရေးဆက်လုပ်မယ်၊ ဒါပေမယ့် ဒေါ်စုကြည်နဲ့ ဝေလေလေ ဗဟိုအလုပ်အမှုဆောင်တွေနဲ့တော့ ကင်းကင်းနေတော့မယ်ဆိုတဲ့ လူတွေလည်း ဒုနဲ့ဒေး။

ဒေါ်စုကြည်ဟာ မြန်မာနိုင်ငံအကျိုးရှေးရှုနိုင်ဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒေါ်စုကြည်တစ်ယောက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ဖို့၊ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တာဝန်ရှိသူတွေက အကြိမ်ကြိမ်တွေ့ဆုံပြီးပါပြီ။ နိုင်ငံတော်အကြီးအကဲက လေးကြိမ်၊ ဝန်ကြီးအဆင့် တာဝန်ရှိသူများက အကြိမ် ၂၀တွေ့ခဲ့ပြီးပြီပဲ။ သူ့ကို အကြိမ်ကြိမ် အခွင့်အလမ်းတွေ ပေးခဲ့ပြီးပြီ။ မြန်မာနိုင်ငံမှာ တည်ဆောက်ဖြစ်ထွန်းနေတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ နိုင်ငံတစ်ခွင် လှည့်လည်ပြသပြီးပါပြီ။ သူလိုချင်တာက နိုင်ငံတော် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးမဟုတ်၊ သူ့လက်ထဲကို နိုင်ငံအာဏာရောက်ဖို့သာ အဓိကရည်ရွယ်ကြောင်း ဖော်ထုတ်ပြသခဲ့ပြီးပါပြီ။ ဒီတော့ သူနဲ့ဘာဖြစ်လို့ ဒိုင်ယာလော့ဂ် လုပ်ရဦးမှာလဲ။

ဒီကနေ့ ပြည်ထောင်စုတစ်ဝန်းလုံးမှ နယ်စပ်ဒေသနဲ့ကျေးလက်မကျန်၊ ပြည်နယ်၊ တိုင်းအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို တိုးတက်အောင် တည်ဆောက်နိုင်တာဟာ ပြည်ထောင်စုတစ်ဝန်းမှာ ငြိမ်းချမ်း လာလို့သာဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက် သောင်းကျန်းမှု မီးလျှံကို ကြိုးစားပြီး ငြှိမ်းသတ်ခဲ့ကြပါတယ်။ မီးမသေခဲ့ပါဘူး။ ဒီကနေ့ နယ်စပ်ဒေသ သွေးချင်းသားချင်း တိုင်းရင်းသားတို့အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံဘဏ္ဍာငွေ ကုဋေပေါင်း ထောင်သောင်းချီ ပုံအော သုံးစွဲခဲ့တာဖြစ်လို့ တောတွင်းလက်နက်ကိုင်အဖွဲ့ကြီး၁၇ဖွဲ့၊ အဖွဲ့ခွဲ အဖွဲ့ငယ်၂၀ တရားဥပဒေဘောင် အတွင်း ဝင်ရောက်လာလို့ ငြိမ်းချမ်းသွားတာပါ။ နိုင်ငံတော်ရဲ့ စေတနာမှန် သိလာကြတဲ့သဘောပါ။

အဲဒီလို ငြိမ်းချမ်းအောင် သံသယအစွဲ၊ လူမျိုးရေးအစွဲ၊ ပြည်ပပယောဂ စွဲတွေ လွှမ်းကဲနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြရတယ်။ ဒါဟာစစ်မှန်ပြီး အကျိုးရှိစေတဲ့ ဒိုင်ယာလော့ဂ် (Dialogue)ဖြစ်ပါတယ်။ နှစ်ပေါင်း၅၀လောက် သက်ဆိုးရှည်နေခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှုဟာ ဒိုင်ယာလော့ဂ်နည်းမှန် လမ်းမှန်ကြောင့် ငြိမ်းချမ်းပြေလည်ခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဒိုင်ယာလော့ဂ် အစစ်အမှန်နဲ့ ပြန်လည်တည်ဆောက်ခဲ့၊ အားဖြည့်ခဲ့တာပဲ ဖြစ်ပါတယ်။

၁၉၄၇ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံရေး မတည်မငြိမ်ဖြစ်လာတဲ့အတွက် ဖယ်ရှားပစ်ခဲ့ရတယ်။ နိုင်ငံတစ်ခုဟာ လွတ်လပ်ရေးရှိနေရင် အဲဒီလွတ်လပ်ရေးဆိုတဲ့ အချုပ်အခြာအာဏာကို ဘယ်လို ဘယ်နည်း ပိုင်းခြားခွဲဝေ ကျင့်သုံးမယ်ဆိုတာ စည်းကမ်းချရတယ်။ ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင်တဲ့ အချုပ်အခြာအာဏာကို ဟင်းရွက်ကန်စွန်းလို ရော့အင့် ဆိုပြီး အမျိုးသားရေးသစ္စာမရှိတဲ့ ပြည်ပဒလန် ပဋိမံတပ်သားတွေလက် ဘယ်ထိုးအပ်နိုင်ပါ့မလဲ။

ဒီတော့ အဲဒီစည်းကမ်းတွေ၊ စည်းမျဉ်းတွေကို ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး မျှော်ကိုးပြီး ပြည်သူ့ဆန္ဒနဲ့အညီ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြရမှာပဲ ဖြစ်ပါတယ်။ လူတစ်ဦး၊ တစ်စုတစ်ဖွဲ့က ကြိုက်သလိုရေး၊ ဉုံဖွခံမန်းပြီး ကိုယ့်သဘောနဲ့ကိုယ် အတည်ပြုလို့ မဖြစ်ပါဘူး။ ဒါ့ကြောင့် ပြည်ထောင်စုတစ်ဝန်းလုံးက တိုင်းရင်းသားလူမျိုးစုံ၊ ပါတီစုံ၊ ရွေးချယ်ခံကိုယ်စားလှယ်စုံ၊ တောင်သူလယ်သမားစုံ၊ အလုပ်သမားစုံ၊ အသိပညာရှင် အတတ်ပညာရှင်စုံ၊ ဌာနစုံက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်စုံ၊ အခြားဖိတ်ကြားသင့်တဲ့ ကိုယ်စားလှယ်စုံ (တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့စုံ၊ ပညာရှင်စုံ) စုစုပေါင်းတစ်ထောင်ကျော်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အတွက် အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို ဒီမိုကရေစီနည်းကျ ဆွေးနွေးညှိနှိုင်း ချမှတ်နေကြတာဟာ ဒီကနေ့ အမျိုးသားညီလာခံရဲ့ မြင်ကွင်းပါ။

အဲဒီမှာ **တိုင်းရင်းသားစုံ၊ လူထုလူတန်းစား အလွှာစုံ ကိုယ်စားလှယ်တစ်ထောင်ကျော် နိုင်ငံရဲ့အနာဂတ်ကောင်းကျိုးမျှော်ပြီး အပြန်အလှန်ဆွေးနွေး ညှိနှိုင်းနေကြတာဟာ တကယ်တော့ တိုင်းကျိုးပြည်ပြု ပြည်သူ့ကိုယ်စားလှယ် တွေရဲ့ ဒိုင်ယာလော့ဂ်ပါ။ အလွန်မွန်မြတ်ဖြူစင်ပြီး သမိုင်းမော်ကွန်းတင်ရမယ့် ဒိုင်ယာလော့ဂ်ပါ။**

မြန်မာနိုင်ငံဟာ ရှေ့လုပ်ငန်းစဉ်မူဝါဒ(၇)ရပ် တစ်နည်းပြောရရင် ဒီမိုကရေစီ လမ်းပြမြေပုံရေးဆွဲချမှတ် အကောင်အထည်ဖော်နေတာပဲ။ နယ်ချဲ့တို့ လွတ်လပ်စွာ ဝင်ရောက်စွက်ဖက် စိုးမိုးမှု၊ ပြည်တွင်း၊ ပြည်ပ (ပြည်ပြေး) အဖျက်သမားတို့ လွတ်လွတ်လပ်လပ် ဆူပူသောင်းကျန်း၊ ဥပဒေချိုးဖောက်၊ ဖောက်ခွဲအကြမ်းဖက်၊ မီးရှို့လူသတ်ခွင့်ကို ဒီမိုကရေစီလို့ မြန်မာတို့က ဘယ်လိုနည်းနဲ့မှ မယူဆနိုင်ပါဘူး။ ပြည်ထောင်စုကြီး မပြိုမကွဲ၊ အချုပ်အခြာအာဏာ ထာဝရပိုင်ဆိုင်ကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားနဲ့ နိုင်ငံတော်ရဲ့ ရေမြေကောင်း၊ ဥတုကောင်း၊ သယံဇာတကောင်းတွေအသုံးပြုပြီး နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ကာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ဖို့က ပြည်သူ့သဘောထား မြန်မာပြည်ထောင်စုရဲ့ သန္နိဋ္ဌာန်ပဲဖြစ်ပါတယ်။ အဲဒီလို ကိုယ့်နိုင်ငံ ရွှေရောင်တဝင်းဝင်း ငြိမ်းချမ်းသာယာခြင်း ရှိနေဖို့ မြန်မာစစ်စစ်ချင်းသာ ဒိုင်ယာလော့ဂ်စရာရှိရင် စိတ်ထားစေတနာမှန်စွာနဲ့ ဒိုင်ယာလော့ဂ်သွင်းကြမှာ ဖြစ်ပါတယ်။ ဒိုင်ယာလော့ဂ်အစစ်အမှန်ကို မြန်မာတို့ တန်ဖိုးထားကြပါတယ်။ အဲ-တိုင်းဆူပြည်ဖျက် ဒိုင်ယာလော့ဂ်၊ နိုင်ငံတော်ကို ကျွန်စော်နံစေမယ့် ဒိုင်ယာလော့ဂ် အတုအယောင်များကိုတော့ လုံးဝ၊ လုံးဝ၊ လုံးဝ လက်မခံ နိုင်ကြပါဘူးလို့ တိုင်းရင်းသားပြည်သူတို့ကိုယ်စား ပြောလိုက်ပါရစေဗျာ။

ကျွန်စော်နံတဲ့ ဒိုင်ယာလော့ဂ်တော့ ဝေရာမဏီပါပဲဗျာ။ ။

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲမှုများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို နှိုင်းယှဉ်လေ့လာခြင်း

စာဖတ်သူတစ်ဦး

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ရာတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သောအကြောင်းပြစွပ်စွဲမှုများပြုလုပ်ခဲ့သော်လည်း ၎င်းတို့၏အကြောင်းပြစွပ်စွဲမှုများသည် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများသာဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင်သိရှိနိုင်–

အမေရိကန်အစိုးရဟာ ၎င်းနိုင်ငံရဲ့မဟာဗျူဟာမြောက် အကျိုးစီးပွားသက်သက်အတွက် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ဖို့ ၁၉၈၈ ခုနောက်ပိုင်းမှစပြီး ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံရဲ့ အရေးကိစ္စဟာ ဒေသတွင်းနဲ့ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးဖို့ တင်ပြတောင်းဆိုပြီး တစ်ဖက်သတ် ဖိအားပေး စည်းရုံးလုပ်ဆောင်ခဲ့ပါတယ်။

အမေရိကန်ရဲ့ တင်ပြတောင်းဆိုမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့က လုံခြုံရေးကောင်စီမှာ မဲခွဲဆုံးဖြတ်ခဲ့ရာမှာ ထောက်ခံမဲ(၁၀)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၁)မဲဖြင့် အတည်ပြုခဲ့ရပါတယ်။

အဲဒီလို လုံခြုံရေးကောင်စီ အစီအစဉ်မှာထည့်သွင်းခဲ့ရမှုကို အခွင့်ကောင်းယူပြီး ဇန်နဝါရီလ ၁၁ ရက်နေ့မှာ အမေရိကန်အစိုးရနဲ့ ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆုံးဖြတ်ချက် (Resolution) မူကြမ်းကို ပူးပေါင်းတင်သွင်းခဲ့ပါတယ်။

ဇန်နဝါရီလ ၁၂ ရက်နေ့က လုံခြုံရေးကောင်စီမှာ မဲခွဲဆုံးဖြတ်ခဲ့ရာမှာ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ မြန်မာနိုင်ငံအပေါ် အကြောင်းပြစွပ်စွဲချက်တွေဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စများသာဖြစ်ပြီး မြန်မာနိုင်ငံက အလေးထား ဖြေရှင်း ဆောင်ရွက်ပေးနေတဲ့ ကိစ္စရပ်များဖြစ်တာမို့ တရုတ်နဲ့ရုရှားတို့က ဗီတိုအာဏာ ပူးတွဲသုံးပြီး ပယ်ချခဲ့ကြပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ဖို့ ကြိုးပမ်းအားထုတ်ခဲ့တဲ့ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်ဟာ အောင်မြင်မှုမရရှိဘဲ အရေးနိမ့်ကျဆုံးသွားခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များနဲ့ ဖြစ်ရပ်မှန်များဆိုတဲ့ အမှန်တရားက အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ မမှန်မကန်လုပ်ကြံစွပ်စွဲမှုများအပေါ် အောင်ပွဲခံလိုက်ခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ အမေရိကန်နဲ့ဗြိတိန်တို့ရဲ့ အဆိုပြုချက်မူကြမ်းမှာပါရှိတဲ့ မြန်မာနိုင်ငံအပေါ် မမှန်မကန် လုပ်ကြံစွပ်စွဲမှုတွေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များကို ပေါ်လွင်ထင်ရှားစွာ နှိုင်းယှဉ်လေ့လာနိုင်ဖို့အတွက် အောက်ပါဇယားနဲ့ မှတ်တမ်းပြု ဖော်ပြလိုက်ရပါတယ်။

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၁။	မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့်လူမှောင်ခိုမှု၊ ကြက်ငှက်တုပ်ကွေး၊ HIV၊ AIDS ကိစ္စများသည် နိုင်ငံ နယ်နိမိတ်ကို ကျော်လွန်၍ အန္တရာယ် ဖြစ်ပေါ်လာနိုင်စေသည်။	**မူးယစ်ဆေးဝါးကိစ္စ။** * မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကပင် ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အလျှင်းမရှိခဲ့ပေ။ * နယ်ချဲ့ဗြိတိသျှလက်အောက်ကျရောက်ချိန်မှစ၍ ဗြိတိသျှတို့က ဘိန်းစိုက်ပျိုးမှုကို သွတ်သွင်းအားပေးခဲ့သည်။ * နယ်ချဲ့အစိုးရက ပြည်နယ်အချို့တွင် ဘိန်းစိုက်ပျိုးရောင်းဝယ်မှုကို တရားဝင်ခွင့်ပြုခဲ့သည်။ ဘိန်းခန်းလိုင်စင်များထုတ်ပေးပြီး ဘိန်းရောင်းဝယ်မှုအပေါ် အခွန်အကောက်ခံခဲ့သည်။ * ၁၉၄၉ ခုနှစ်တွင် အမေရိကန် CIA ၏ ကူညီအားပေးမှုဖြင့် တရုတ်ဖြူကူမင်တန်တပ်များ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အထိ ကျူးကျော်ဝင်ရောက်ခဲ့သည်။ * ကူမင်တန်တပ်များက စီးပွားရေးနှင့် လက်နက်ခဲယမ်းဝယ်ယူနိုင်ရေးအတွက် ဘိန်းထုတ်လုပ်ရောင်းချမှုကို တွင်ကျယ်စွာပြုလုပ်ခဲ့သည်။ * တပ်မတော်က ကျူးကျော်သူကူမင်တန်များကို စစ်ဆင်ရေးကြီးများ ဆင်နွှဲပြီး ချေမှုန်းတိုက်ထုတ်ခဲ့သည်။ * နယ်ချဲ့နှင့် CIA ၏ပယောဂကြောင့် ပေါ်ပေါက်ခဲ့ရသော ရှမ်းသောင်းကျန်းသူအဖွဲ့များနှင့် အခြားသောင်းကျန်းသူများကလည်း ဘိန်းကုန်ကူးမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လုပ်ခဲ့သည်။ * ပြည်ပမှ မူးယစ်ဂိုဏ်းများက သောင်းကျန်းသူများနှင့် ပူးပေါင်းပြီး ဝေးလံခေါင်းပါးဒေသများတွင် ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို ဝင်ရောက်လုပ်ဆောင်လာခဲ့ကြသည်။ * ၁၉၅၅ ခုနှစ်တွင် ဘိန်းစားသုံးသူများ မှတ်ပုံမတင်မနေရ အက်ဥပဒေပြဋ္ဌာန်းခဲ့သည်။ * ၁၉၆၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ၏ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ တစ်ခုတည်းသောစာချုပ်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ * ၁၉၇၄ ခုနှစ်တွင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ * ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် အခြားအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * တပ်မတော်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း စစ်ဆင်ရေးအဆင့်ဆင့်ဆင်နွှဲသည်။ * ၎င်းစစ်ဆင်ရေးများတွင် တပ်မတော်သား ၉၄ ဦး အသက်ပေးလှူခဲ့ရပြီး ၅၃၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ * ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဆင်နွှဲခဲ့သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများတွင် တပ်မတော်သား ၂၅၉ ဦး အသက်စွန့်လှူခဲ့ရပြီး ၉၃၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ * ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းတိုက်ဖျက်ရေးအတွက် အသက်ခန္ဓာများ စွန့်လွှတ်ပေးလှူခဲ့သည့် တပ်မတော်ဟူ၍ မြန်မာ့တပ်မတော်တစ်ခုတည်းသာ အထင်အရှားရှိသည်။ * ၁၉၈၈ ခုနှစ်တွင် အမေရိကန်က မြန်မာနိုင်ငံသို့ပေးနေသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအကူအညီများကို လုံးဝဖြတ်တောက်ခဲ့သည်။ * ၁၉၈၉ ခုနှစ်မှစပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကော်မတီအဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။ * နယ်စပ်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရာတွင် ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေးကို ရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်ခဲ့သည်။ * နိုင်ငံတော်၏ မှန်ကန်သောလုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာသည် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည်။ * ၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။ * MTA အဖွဲ့ လက်နက်နှင့်ငြိမ်းချမ်းရေးမလဲလှယ်မီ ၁၉၉၄ ခုနှစ်တွင် အမေရိကန်က ၎င်းတို့ကိုယ်တိုင် မူးယစ်ဆေးဝါးပြစ်မှုဖြင့် စွဲချက်တင်ထားသည့် ဦးခွန်ဆာအား ရှမ်းပြည်နယ်ခွဲထွက်ရေးအတွက် တိုက်ပွဲဝင်နေသူအဖြစ် စည်းရုံးအသုံးချခဲ့သည်။ * တပ်မတော်က ချေမှုန်းတိုက်ခိုက်နိုင်သဖြင့် ပြည်ထောင်စုဖြိုခွဲရေး အမေရိကန်၏လုပ်ရပ် မအောင်မြင်ခဲ့ခြင်းဖြစ်သည်။ * CIA မှအဖွဲ့များ ဦးခွန်ဆာထံလာရောက်ပြီး မက်လုံးများပေးကာ MTA ထိန်းချုပ်ထားသော နယ်မြေတွင် အမေရိကန်ဒုံးပျံစခန်း အခြေစိုက်ခွင့်ပြုရန် အပေးအယူလုပ်ခဲ့သည်။ * အမေရိကန်၏ မသမာသောလုပ်ရပ်ကို သိမြင်သော ဦးခွန်ဆာက အမျိုးသားနိုင်ငံရေး အသိရှိစွာဖြင့် အမေရိကန်၏ကမ်းလှမ်းမှုကို လက်မခံဘဲ တပ်မတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ * ၁၉၉၉ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ရာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာထင်ရှားစွာ လျော့နည်းကျဆင်းခဲ့သည်။ * ပြည်ပမှ ထိရောက်သည့်အကူအညီ မရသော်လည်း စီမံကိန်းအတွက် ကျပ်ငွေသန်းပေါင်း ၃၃၅၈၈ ဒသမ ၁၄ သန်း၊ အမေရိကန် ဒေါ်လာသန်း ၁၅၀ လျာထားသတ်မှတ် သုံးစွဲလျက်ရှိသည်။ * တိုင်းရင်းသားအဖွဲ့အစည်းများကလည်း ၎င်းတို့ဒေသအတွင်း ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားတွင် ၁၉၉၇ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဇုန် ကြေညာနိုင်ခဲ့သည်။ * ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်တွင် ၂၀၀၃ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဇုန် ကြေညာနိုင်ခဲ့သည်။ * ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ'ဒေသတွင် ၂၀၀၅ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှုကင်းမဲ့ဇုန် ကြေညာနိုင်ခဲ့သည်။ * စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ပန်းတိုင်သစ်စီမံကိန်း အောင်မြင်မှုကြောင့် ဘိန်းစိုက်တောင်သူများ လာရောက်အပ်နှံသည့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို (၁၃)ကြိမ်တိုင် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ * မီးရှို့ဖျက်ဆီးခဲ့သည့် ဘိန်းမျိုးစေ့ ၁၆၃၇၂၀ ဒသမ ၆၁ ကီလိုရှိရာ မဖျက်ဆီးဘဲ စိုက်ပျိုးခဲ့မည်ဆိုပါက ဘိန်းဧရိယာ ၄၀၅၇၃ ဒသမ ၆၈ ဟက်တာ စိုက်ပျိုးနိုင်ပြီး ဘိန်းစိမ်း ၄၄၁၁၃၃ ဒသမ ၃၀၈ ကီလို ထွက်ရှိလာမည်ကို ကြိုတင်တားဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ * အမေရိကန်နှင့်ပူးတွဲပြီး (၁၀)ကြိမ် တိုင်းတာမှုအရ ၁၉၉၃ မှ ၂၀၀၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၈၀ ရာခိုင်နှုန်းနှင့် ဘိန်းထုတ်လုပ်မှု ၈၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရားဝင်ထုတ်ပြန် ကြေညာနိုင်ခဲ့သည်။ * UNODC နှင့် ပူးပေါင်းဆောင်ရွက်သည့် တိုင်းတာမှုအရ ၂၀၀၂ မှ ၂၀၀၅ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၅၉ ရာခိုင်နှုန်းနှင့် ဘိန်းအထွက်နှုန်း ၆၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ * ၁၉၈၈ မှ ၂၀၀၆ ခုနှစ်အထိ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ အကြိမ်(၂၀)တိုင်တိုင် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ရာ ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈၀၉ ဒသမ ၉ သန်း ကျော်ရှိသည်။ * နယ်စပ်ဒေသများနှင့် အခြားမြို့များ၌လည်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဘိန်းမျိုးစေ့များကို (၃၉)ကြိမ် မီးရှို့ဖျက်ဆီးခဲ့သည်။ * ၁၉၉၆ ခုနှစ်မှစတင်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို မြန်မာနိုင်ငံ၌ ဖမ်းဆီးရမိခဲ့သည်။ * စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန်အတွက် လိုအပ်သည့်ဓာတုပစ္စည်းများသည် မြန်မာနိုင်ငံ၌ ထုတ်လုပ်ခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မှောင်ခိုဝင်ရောက်လာခြင်းဖြစ်သည်။ * နိုင်ငံတကာမူးယစ်ဂိုဏ်းများနှင့် သောင်းကျန်းသူအဖျက်သမားများ ပူးပေါင်းလုပ်ဆောင်သည့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ * ၁၉၉၃ မှ ၂၀၀၆ ခုနှစ်အထိ မူးယစ်ဆေးဝါးအမှုနှင့်ပတ်သက်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၂၀၄၈ သန်းကျော် သိမ်းဆည်းရရှိခဲ့သည်။ * မြန်မာ–တရုတ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုကို ၁၉၉၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ * မြန်မာ–တရုတ် ပူးပေါင်းဆောင်ရွက်မှုဖြင့် 'ဝ'ဒေသမူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ * မြန်မာ–ရုရှား မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး သဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * မြန်မာ–ရုရှား မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ်တွင် လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။ * မြန်မာ–အိန္ဒိယ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးစာချုပ်ကို ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည်။ * မြန်မာ–ထိုင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို ၂၀၀၁ ခုနှစ်တွင် လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။ * မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးအတွက် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့်လည်း MoU များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။

(ဖော်ပြပါ နှိုင်းယှဉ်လေ့လာချက်ကို ကြည့်ရှုရုံဖြင့် အမေရိကန်နဲ့ဗြိတိန်တို့က မြန်မာနိုင်ငံအပေါ် မူးယစ်ဆေးဝါးကိစ္စနဲ့ပတ်သက်ပြီး မမှန်မကန် လုပ်ကြံစွပ်စွဲနေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ၎င်းတို့ရဲ့ အခြားလုပ်ကြံစွပ်စွဲချက်များ မမှန်ကန်ကြောင်းကိုလည်း မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များနဲ့ နှိုင်းယှဉ်ဖော်ပြသွားမှာ ဖြစ်ပါတယ်။)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စစ်ကိုင်းမြို့နယ် မကျီးစင်ကျေးရွာ၌ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူ၊ တိုင်း/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဇန်နဝါရီ ၂ရက် မွန်းလွဲ၂နာရီတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် မကျီးစင်ကျေးရွာရှိ အမျိုးသမီးများအား အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးအဖွဲ့ ခေါင်းဆောင် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက HIV/AIDS ရောဂါတားဆီးကာကွယ်ရေးအကြောင်း ရှင်းလင်းဆွေးနွေးပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်ညွန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြသည်။

လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက မကျီးစင်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာ ဝတ်စုံများကို ထောက်ပံ့ပေးပြီး ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာတမ်းများပေးအပ်လှူဒါန်းကာကျေးရွာပြည်သူလူထုသို့ မုန့်ချိုဆေး၊ တိုင်းရင်းဆေးများနှင့် အိုင်အိုဒင်းဆားထုပ်များ လှူဒါန်းသည်။

ယင်းနောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး ထံသို့ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြမြင့်သူက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာစောင်ရေ ၁၅၀၀ ကို ပေးအပ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက မကျီးစင်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအားအဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ပြီး မကျီးစင်ကျေးရွာရှိအမျိုးသမီးများအားစကားဝိုင်းများဖြင့် ရင်းရင်းနှီးနှီး ဆွေးနွေးကာ အခမ်းအနားကို ရုပ်သိမ်းသည်။ အဆိုပါ အခမ်းအနားသို့ အမျိုးသမီးဦးရေ စုစုပေါင်း ၆၅၈ ဦး တက်ရောက်သည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့သည် စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် မကျီးစင်ကျေးရွာ၌ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ထုတ်ပေးထားသော အသေးစားချေးငွေ (Micro Credit)ဖြင့် လုပ်ငန်းဆောင်ရွက်နေသော ကြိမ်ထည်လက်မှုလုပ်ငန်းမှ ရက်လုပ်ထားသော ကြိမ်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး အမျိုးသမီးရေးရာ ကိစ္စရပ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမ်းဗြဲမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၁၄ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာတော် ဆိုင်ရာဘွဲ့တံဆိပ်တော်ရ သံဃာတော်နှစ်ပါး**(အပေါ်ပုံ)** သီလရှင်ဆရာကြီး တစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပြီး အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ပုဂ္ဂိုလ်တစ်ဦးအား ချီးကျူးဂုဏ်ပြုကာ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်၁၂ဦးအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးသုံးဦးအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး ၂၀၀၆ခုနှစ်အလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုချက်ရယူကာ ၂၀၀၇ခုနှစ်အတွက် အသင်းနာယကများနှင့်အလုပ်အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။ **(က-ပ)**

အလှကုန်ပစ္စည်းမိတ်ဆက်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

Follow Me နှင့် Secret အလှကုန်ပစ္စည်းများ မိတ်ဆက်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြို့ ကရဝိက်ဉယျာဉ် မျှော်စင်ကျွန်း၌ ကျင်းပရာ စာနယ်ဇင်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်ကြီးများ၊ Follow Me နှင့် Secret အလှကုန်များကို တစိုက်မတ်မတ် သုံးစွဲနေကြသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက် အားပေးကြသည်။

အဆိုပါပွဲတွင် ကုန်ပစ္စည်း ငွေကျပ်တစ်သိန်းဖိုး ဝယ်ယူသူများအား ဗလာမပါကံစမ်းမဲများဖြင့် တစ်ကျပ်သား ရွှေဒင်္ဂါးတစ်ဆု၊ ငါးမူးသား ရွှေဒင်္ဂါးနှစ်ဆု၊ တစ်မတ်သားရွှေဒင်္ဂါးလေးဆုနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ခြင်း၊ Nightingale တေးဂီတအဖွဲ့နှင့်အတူ အဆိုတော် စည်သူလွင်၊ Llလွန်းဝါ၊ မေခလာ၊ L ဆိုင်းဇီ၊ရေဗက္ကာဝင်းစသည့် အဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများကို လည်းကောင်း၊ အသားအရေထိန်းသိမ်းခြင်း၊ မိတ်ကပ်လိမ်းခြယ်ခြင်းများကို လက်တွေ့ ပြသခြင်း **(ဝဲအောက်ပုံ)** Secret Sea White နှင့် Follow Me Oil Controlပစ္စည်းများကို မိတ်ဆက်ပေးခြင်း၊ ကုန်ပစ္စည်းများကို အထူးလျှော့နှုန်းဖြင့် ရောင်းချပေးခြင်း၊ အရောင်းကိုယ်စားလှယ်ကြီးများအား ဆုလက်ဆောင်များပေးခြင်း စသည့်တို့ကိုလည်းကောင်း ပြုလုပ်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဖွဲ့စုံသာသနာရာမကျောင်းတိုက် ဂန္ဓကုဋိတိုက်ကျောင်း ဘဒ္ဒန္တ သီရိန္ဒာစာရ၏ ၃၅နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်ကို (၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၄ရက်) ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့)တွင် ဝိဇာတမွေးနေ့အလှူရှင် ဦးအောင်လင်း-ဒေါ်ခင်မြ၊ သမီး မလင်းလင်းခင်၊ မမင်းမင်းခင်၊ မဝင်းဝင်းခင်၊ သား ရဲလင်းမောင် မိသားစုတို့က ပင့်သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ နဝကမ္မဝတ္ထုတို့ကို ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဧးဖြူတောင်ကျေးရွာအုပ်စု ပဲကြီးကုန်းကျေးရွာ နယူးပဒေသကျောင်းတိုက်တွင် ဆက်ကပ်လှူဒါန်းပြီး ဝိဇာတမင်္ဂလာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားများ အချိန်ကိုက်၍အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လာ ဗဟန်းစာတိုက်၌စာအိတ်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့မွန်းလွဲ၁၂နာရီ မိနစ်၅၀အချိန်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနတာဝါအနီး မြေညီထပ်ရှိ ဗဟန်းစာတိုက်၌ စာအိတ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဗဟန်းစာတိုက်မှ စာပို့ကြပ် ဦးကျော်သန်းဝင်းသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်စာရွေး စာပို့စခန်းမှ ဗဟန်းနယ်မြေအတွက် ရောက်ရှိလာသော ပြည်တွင်းစာများထည့်ထားသည့် စာပို့အိတ်ကြီးအတွင်းမှ စာအိတ်များကို ဖြန့်ဝေရန် ခွဲခြားပြီးတံဆိပ်ရိုက်နှိပ်နေစဉ် ပို့စကတ်အရွယ် စာအိတ်တစ်အိတ်အတွင်းမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စိုးရိမ်ဖွယ်ရာမရှိ

ယင်းပေါက်ကွဲမှုကြောင့် စာပို့ကြပ် ဦးကျော်သန်းဝင်း(၅၈)နှစ်၏ မျက်နှာနှင့်ပေါင်တို့တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိကြောင်းနှင့် ဒဏ်ရာအခြေအနေ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသော အဆိုပါ ပို့စကတ်အရွယ် စာအိတ်မှာ ရိုးရိုးစာအိတ်ဖြစ်ပြီး ၎င်းစာအိတ်ပေါ်တွင် ပေးပို့လိပ်စာမှာ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသံရုံးတစ်ရုံး၏ လိပ်စာဖြစ်သည်။ လက်ခံလိပ်စာမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၃၃-၃၄) ဆရာစံလမ်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန လမ်းထောင့် ဗဟန်းမြို့နယ်ဟူ၍ပါရှိကြောင်း တွေ့ရှိရသည်။

အချိန်ကိုက်လုပ်ဆောင်

ယခုကဲ့သို့ စာအိတ်ဗုံးပေးပို့ဖောက်ခွဲသော လုပ်ရပ်သည် ပြည်တွင်းပြည်ပ အဖျက်သမားများက မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ပြည်သူများ ထိတ်လန့်ချောက်ချားစေရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၊ လူပုဂ္ဂိုလ် တစ်ဦးနှင့်တစ်ဦးအကြား သံသယပွားစေရန်နှင့် ခင်မင်ရင်းနှီးမှု ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်တွင်းပြည်ပ အချိန်ကိုက်လုပ်ဆောင်လာသော အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်ဖြစ်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် လုံခြုံရေးအတွက် သတိတရားလက်ကိုင်ထား၍ ဆောင်ရွက်သွားကြရန်နှင့် တာဝန်ရှိသူများနှင့် ပူးပေါင်းလက်တွဲပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အကြမ်းဖက် အဖျက်အမှောင့် လုပ်ရပ်များကို ကာကွယ်တားဆီးချေမှုန်းသွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဥတ္တရာဝတ္ထုတရားတော် (သီတဂူဆရာတော်) (အပိုင်း-၁)
၈း၀၀	Music Gallery (တေးသီချင်းခေါင်းစဉ်များ စုစည်းမှု) (အပိုင်း-၂)
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	ဆည်မြောင်းရဲ့အားမာန် ပေါင်းလောင်းရေလှောင်တမံ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ရှမ်းပြည်နယ် (တောင်ပိုင်း) (လွိုင်လင်ခရိုင်)
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	နယဉ်ဆန်းထွင်ပန်းအလှဆင်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ကြည့်စွအယူ ခန္ဓာ့အလှူ ဓမ္မနှင့်လူ
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ဖွံ့ဖြိုးဝေစည်သာယာလှပ ဧရာတိုင်းမှ ဝါးခယ်မ
၁၀း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	သုံးစွဲမနေး၊ မြန်မာ့တိုင်းရင်းဆေး (တပင်တိုင်မြနန်း)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	Sunday Talk
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	ပြည်နယ်အလှ ကျောက်ပြား သာဓကေ
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	သွန်းလောင်းသံနည်းပညာ
၁း၀၀	MRTV-4 အပိတ် Logo၊

၂၀၀၇ အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည့်အစီအစဉ်

အုပ်စု(က)ပွဲစဉ်

ညနေ	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	မြန်မာနှင့် ဖိလစ်ပိုင်	MRTV-4 (Live)

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ပြာသိုလပြည့်ကျော်၁၄ရက် (အဖိတ်နေ့)

၁၆-၁-၂၀၀၇ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဉယျာဉ်
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	တံငါတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀	၅။	ခံစားနားဆင် တေးဇာတ်ဝင်
၁၇း၁၀	၆။	**"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၁၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၇း၄၅	၈။	ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄၃)
၁၈း၅၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၈)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၁၆)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။



မြင်းခြံခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၅ရက် နံနက် ၈နာရီခွဲက တံတားဦး မြို့နယ် ခေါင်းကွဲကျေးရွာအုပ်စုသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ခေါင်းကွဲကျေးရွာအုပ်စုတွင် တောင်သူ ဦးပေါ်မြ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ဆောင်းသီးနှံကုလားပဲနှင့် နေကြာသီးညှပ်စိုက်ခင်းစိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက နေကြာသီးညှပ်စိုက်ပျိုးရာတွင် အတန်းမှန်ရေး၊ ပန်းတိုင်အထွက်တိုးရရှိရေးအတွက် ပေါင်းပင်များ ရှင်းလင်းရေးမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် နပဲပင်ကျေးရွာတွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် ပေါင်းရှင်းခြင်း၊ မြေတောင်မြှောက်နေသော ရွာသူ ရွာသားများအား ကြည့်ရှုအားပေးပြီး လာမည့်နှစ်တွင် စိုက်ပျိုးလျာထားကေပြည့်မီရေး စိုက်ပျိုးသွားရန်မှာကြားသည်။

ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မြင်းခြံခရိုင် ကျောက်တစ်လုံးတိုးချဲ့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး အပင်များအား မြေတောင်မြှောက်ပေးရေး မှာကြားသည်။ ထို့နောက် ကြက်ဆူအစေ့မှ ပျိုးထောင်ထားသော ပျိုးပင် ၁၅၀၀၀အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ခံ ဦးစီးအရာရှိ ဦးစိုးနိုင်က စီမံကိန်းသီးနှံလျာထားဧက ၂၅၀၀ သတ်မှတ်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း၊ တူးမြောင်းမကြီးအရှည်မှာ ပေ၂၇၅၀၀ရှိကြောင်း၊ နွေစပါးကို ဧက ၁၂၀၀စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်က လျှပ်စစ်မြစ်ရေတင်မှ ဆောင်ရွက်ပေးနိုင်သည့် ပမာဏကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ကြင်က နွေစပါးစိုက်ပျိုးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ဆွေက နွေစပါးစိုက်ပျိုးမည့် ကျောက်တစ်လုံးတိုးချဲ့ လျှပ်စစ်မြစ်ရေသောက် ဧရိယာများကို ရှင်းလင်းတင်ပြသည်။

ရွာသစ်လျှပ်စစ်မြစ်ရေတင်

ဆက်လက်၍ ရွာသစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်တွင် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန တာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်ကျော်က စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုလရွာအုပ်စုမှ ရွာသစ်မြစ်ရေတင်သောက် နွေစပါးအတွက် တောင်သူဦးထွန်းရွှင်မှ စပါးပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် မြောက်ရွာဘိုရွာရှိ တောင်သူ ဦးညွန့်ဝေ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ခရမ်းချဉ်စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကုန်းလည်အုပ်စု မြေနီကုန်းကျေးရွာတွင် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ခြံစည်းရိုးကြက်ဆူပင် သုံးဧကစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ငါန်းမြာလျှပ်စစ်မြစ်ရေတင်

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါန်းမြာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး နွေစပါးလျာထား ဧက ၉၈၅ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ရေပေးဝေသွားမှု စနစ်တကျရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိုးတောင်ရွာရှိ တောင်သူဦးခိုင်မြင့် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ပဲစင်းငုံနှင့် ဝါသီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးအားပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ဆီမြီးခုံ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိပြီး ရေလမ်းကြောင်းဖောက်နေမှု၊ သဲနုန်းများတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် နဘူးအိုင်ကျေးရွာအုပ်စုနှင့် ကန်ချောကျေးရွာအုပ်စုတို့မှ စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ကြက်ဆူပင်များနှင့် ခူးပြီးကြက်ဆူစေ့များကို ကြည့်ရှုစစ်ဆေးပြီး လာမည့်နှစ် မြေလွတ် မြေရိုင်းများတွင် လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားရေး၊ မိုးမကျမီကြိုတင်စီမံဆောင်ရွက်သွားရန် မှာကြားသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပ အထက(၁) အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၄ရက်က အဆိုပါကျောင်း မေတ္တာရိပ် ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဟောင်း အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့်ကျောင်းအုပ်ဆရာမကြီး အငြိမ်းစားဒေါ်မြမြဆွေတို့က ကျောင်းသားဟောင်း ဦးချိုအေး၊ ကျောင်းသားကျောင်းသူကလေးများနှင့်အတူ ဆီမီးထွန်းညှိပူဇော်ကြသည်။ ယင်းနောက် အငြိမ်းစားဆရာမ ဒေါ်ခင်လှဲ့ဝင်း (ဆရာလေးဒေါ်ဂုဏဝတီ)အား အလှူရှင်မိသားစုက လှူဖွယ်ပစ္စည်း ဆက်ကပ်သည်။

ဆုတောင်းမေတ္တာပို့

ထို့နောက် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော ဆရာကြီး ဦးမင်းဒင်နှင့် ဆရာ ဆရာမများကို ဆုတောင်းမေတ္တာပို့သကြသည်။ ယင်းနောက် အလှူရှင် ဦးချိုအေး-ဒေါ်ညွန့်ညွန့်တင် (ACA) မိသားစုက ကျောင်းအတွက် အထိမ်းအမှတ်လက်ဆောင်ပေးအပ်ပြီးနောက် အခမ်းအနားတက်ရောက်လာသော ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမများကို ကန်တော့ကြရာ **(အောက်ပုံ)** ရှေးဟောင်း သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ကန်တော့ချီးဖြင့် ရွတ်ဆိုပေးသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ယင်းနောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးစိုးမြင့်နှင့် ဆရာမကြီး ဒေါ်ခင်အေးမြင့်တို့က ဆုံးမသြဝါဒစကား ပြန်လည်ပြောကြားပြီး အဂ္ဂမဟာသီရိသုဓမ္မဓဇ ဇောတရေဘွဲ့ရဦးအောင်ကြည်မြင့်နှင့် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲ မော်လမြိုင်တွင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃ရက်က မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

သင်တန်းဆင်းပွဲတွင် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် သင်တန်းတက်ရောက်ခဲ့ကြသည့် ရပ်ကွက်နှင့် ကျေးရွာ အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၈၂ဦးတို့သည် မော်လမြိုင်မြို့ သမိုင်းဝင် ဦးဇိနစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၇၆၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားပေးကြည့်ရှု

အလုံမြို့နယ် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုး၊ တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေး ကြည့်ရှုစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ် ပွဲစဉ်(၂၃) ဆက်လက်ယှဉ်ပြိုင် အဲဗာတန်နှင့် ရက်ဒင်းတို့ သရေကျခဲ့

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၁၅

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၁၄ရက်၌ ဆက်လက်ကစားရာ အဲဗာတန်နှင့် ရက်ဒင်းတို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ပြီး တော့တင်ဟမ်ဟော့စပါးနှင့် နယူးကာဆယ်တို့ပွဲ၌ နယူးကာဆယ်က သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



အဲဗာတန်နှင့် ရက်ဒင်းတို့ပွဲတွင် အဲဗာတန်မှ လက်စကော့(ယာ) ဘောလုံး ဖျက်ထုတ်ရာမှ ဂိုးဝင်သွား သည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

အဲဗာတန်နှင့်ရက်ဒင်း

အဲဗာတန်တို့အိမ်ကွင်း၌ စတုတ္ထမြောက် သရေပွဲကြုံခဲ့ရသည်။ ပရီမီယာလိဂ်၌ ခြေစွာနေသော ရက်ဒင်းသည် အဝေးကွင်းဖြစ်သော်လည်း အဲဗာတန်ကို ရှိန်မနေဘဲ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့ရာ ဒွိုင်းလီနှင့် လီတာတို့ကလည်း အဲဗာတန် နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သည်။

ရက်ဒင်းသည် ၄–၄–၂ ဗျူဟာဖြင့်ခင်းကျင်းပြီး အဲဗာတန်ကို ရင်ဆိုင်ခဲ့ရာ ပွဲချိန် ၂၈မိနစ်၌ အဲဗာတန်ခံစစ်မှူး လက်စကော့က ဘောလုံးရှင်းထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ပြီး ရက်ဒင်းတို့ အဖွင့်ဂိုးလက်ဆောင်ရရှိခဲ့သည်။

အဲဗာတန်တို့ ချေပဂိုးရရှိရေး ဆက်တိုက်ဖိကစားသော်လည်း အဆုံးသတ်မပိုင်နိုင်သဖြင့် ဂိုးမရရှိဘဲ ဖြစ်နေရာ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ အဲဗာတန်အသင်းက ရက်ဒင်းအသင်းကို ပိုမိုထိုးဖောက်ကစားနိုင်ပြီး ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ကစားကွက်ထိန်းချုပ်ကစားနိုင်သော်လည်း ပွဲချိန် ၈၁မိနစ်ရောက်မှသာ အဲဗာတန် တိုက်စစ်မှူး ဂျွန်ဆင်က ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

စပါးနှင့်နယူးကာဆယ်

စပါးနှင့် နယူးကာဆယ်တို့ပွဲတွင် အိမ်ကွင်း၌ စပါးတို့ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အဖွင့်ဂိုးကို ပွဲချိန် ၁၄ မိနစ်၌ သွင်းယူနိုင်ခဲ့သော်လည်း နယူးကာဆယ်မှ ဂန်တင်တန်က ၁၆မိနစ်၌ ချေပဂိုး ပြန်သွင်းယူခဲ့သည်။ စပါးအတွက် ဘာဘာတော့ဗ်က ၅၄ မိနစ်တွင် ဂိုးသွင်းပေးခဲ့သည်။ နယူးကာဆယ်အတွက် ချေပဂိုးနှင့် အနိုင်ဂိုးကို ၇၂မိနစ်၌မာတင်နှင့် ၇၃မိနစ်၌ နစ်ကီဘတ်တို့က သွင်းယူပေးခဲ့သဖြင့် နယူးကာဆယ်တို့ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

စပိန်လာလီဂါ ပွဲစဉ်(၁၈) ဆက်လက်ယှဉ်ပြိုင် နစ္စတယ်ရှိုင်းဂိုးဖြင့် ရီးရဲမက်ဒရစ်အနိုင်ရ

မက်ဒရစ် ဇန်နဝါရီ ၁၅

စပိန်လာလီဂါ ဘောလုံးပွဲစဉ်(၁၈) ကို ဇန်နဝါရီ ၁၄ ရက်က ဆက်လက်ကစားရာ ရီးရဲမက်ဒရစ်နှင့် ရေဆင်းတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

ရီးရဲမက်ဒရစ်နှင့်ရီးရဲဇာရာဂိုဇာ

ရာအူးလ်နှင့် နစ္စတယ်ရှိုင်းတို့ တိုက်စစ်အတွဲကို ပွဲထုတ်လာသော ရီးရဲမက်ဒရစ်သည် ဘက်ခမ်းမပါသော ကွင်းလယ်၌ ရေးယက်စ်၊ ဂါဂိုနှင့် ဒိုင်ရာရာ တို့ဖြင့် ကစားစေခဲ့သည်။ ရီးရဲဇာရာဂိုဇာက တိုက်စစ်တွင် မီလီတိုနှင့် အီဝါတန်တို့ကိုထားပြီး ကစားစေခဲ့ရာ ရီးရဲမက်ဒရစ်ကို ခြေရည်တူ ကစားနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်သည် အပိုင်ဂိုးသွင်းခွင့် ၁၈ ကြိမ် ရရှိခဲ့သော်လည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ ၎င်းဂိုးမှာ ပွဲချိန် ၄၁ မိနစ်၌ နစ္စတယ်ရှိုင်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရီးရဲဇာရာဂိုဇာသည် ချေပဂိုးသွင်းယူရေးကြိုးစားကစားသော်လည်း ရီးရဲမက်ဒရစ် ခံစစ်မှူးများကို လွတ်လွတ်ကျွတ်ကျွတ် မကျော်ဖြတ်နိုင်ခဲ့ခြင်းကြောင့် ချေပဂိုး မရရှိခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်သည် ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယား တတိယနေရာသို့ တက်လာပြီး ရီးရဲဇာရာဂိုဇာမှာ ပဥ္စမအဆင့်၌ ရှိနေသည်။

ရေဆင်းနှင့်ရီးရဲဆိုစီဒက်

ရေဆင်းတို့ အိမ်ကွင်း၌ ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ တန်းဆင်းဇုန်အတွင်း ရောက်ရှိနေသော ရီးရဲဆိုစီဒက်သည် ရေဆင်းအသင်းကို အနိုင်ရရှိရေး ကြိုးစားကစားခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီး မိနစ် ၉၀ ၌ ပယ်နယ်တီ အပေးခံရသည်။ ၎င်းပယ်နယ်တီဖြင့် ပြစ်ဒဏ်ဘောကို ရေဆင်းမှ ဂါရေက သွင်းယူခဲ့သဖြင့် ရေဆင်းတို့ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်နှင့် ရီးရဲဇာရာဂိုဇာတို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ဖာနန်ဒိုဂါဂို (ဝဲ)က ရီးရဲဇာရာဂိုဇာမှ မိုဗီလာ၏ ထိုးဖောက်ကစားမှုကို ဟန့်တားရန် ကြိုးစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အခြားပွဲများရလဒ်

ဘီလ်ဘာအို	၀–၁	ဗီလာရီးရဲ
ဆီဗီလာ	၁–၂	မာယော့ကာ
ဂျင်နက်စတစ်	၁–၃	ဂီတာဖေး
ရီခရီယေးတီဗို	၁–၁	ဒီပို့တီဗို
အိုဆာဆူနာ	၅–၁	ရီးရဲဘက်တစ်
ဆဲလ်တာဗီဂို	၁–၃	အက်သလက်တီကို။

(အင်တာနက်)

ချယ်လ်ဆီးအသင်း၏ ရှေ့ခရီးဖြောင့်မတ်ရေး အသင်းခေါင်းဆောင် ဂျွန်တယ်ရီအပေါ်တည်မှီနေပြီလော

ကိုးကားတင်ပြသူ **မြင့်မောင်စိုး**

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သော နှစ်ရာသီက နည်းပြမော်ရင်ဟို ရောက်လာပြီးနောက် နှစ်နှစ်ဆက်တိုက် ပရီမီယာလိဂ် ချန်ပီယံဖြစ်ခဲ့သည်။

ယခုနှစ်ရာသီတွင် နည်းပြမော်ရင်ဟိုအနေဖြင့် ပရီမီယာလိဂ်ဖလား သာမက ဥရောပချန်ပီယံလိဂ် ဖလားကိုပင် ဆွတ်ခူးနိုင်ရန် အကြံဖြင့် ကမ္ဘာကျော်ကြီးဘောလုံးသမားများ ဖြစ်သည့် ရှက်ဗ်ချင်ကိုနှင့် မိုက်ကယ်ဘောလက် အစရှိသော ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများဖြင့် ခေါ်ယူအားဖြည့်ခဲ့သည်။

တကယ့်လက်တွေ့တွင် မော်ရင်ဟိုမှန်းထားသလိုဖြစ်မလာဘဲ ပရီမီယာလိဂ်ဖလား ဆက်ထိန်းရန်ပင် ချယ်လ်ဆီးတို့ အကြိတ်အနယ်ရုန်းကန်ကြရမည့် အနေအထား ဖြစ်လာသည်။

တစ်ချိန်က ပရီမီယာလိဂ် ဖလားပိုင်ရှင် မန်ချက်စတာယူနိုက်တက်အသင်း လက်ထဲသို့ ဖလားပြန်အပ်ရမည့် အနေအထားရှိသည်။ ပရီမီယာလိဂ်ပွဲကစားလာခဲ့သည်မှာ ယခုနှစ်တွင် ရာသီတစ်ဝက် ကျိုးခဲ့ပြီဖြစ်သည်။ မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် ပွဲစဉ်(၂၃)အပြီး ချယ်လ်ဆီးအသင်းအား ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့ပြီ ဖြစ်သည်။

ထိုသို့သောအခြေအနေတွင် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်တို့အကြား အဆင်မပြေမှုများ ဖြစ်လာသည်။ ထို့အပြင် ချယ်လ်ဆီးဘုတ်အဖွဲ့နှင့်ပါ သဘောထားကွဲလွဲမှုများ ဖြစ်ခဲ့ပြန်သည်။

ချယ်လ်ဆီးအသင်းနှင့် မော်ရင်ဟိုတို့အကြား အက်ကြောင်းထင်လာမှုကို ဖာထေးပေးမည့်သူမှာ အသင်းခေါင်းဆောင် ဂျွန်တယ်ရီဖြစ်လာသည်။

ပြင်ဆင်ထား

နည်းပြမော်ရင်ဟိုအား စတမ်းဖို့ဒ်ဘရစ်၌ ဆက်လက်တည်မြဲအောင် ကြိုးစားသွားရန်နှင့် အသင်းသားများကို စုစည်းညီညွတ်စွာဖြင့် ဦးဆောင်သွားရန် ပြင်ဆင်ထားပြီ

အသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့် မော်ရင်ဟိုတို့၏ ဆက်ဆံရေးမှာ ဤသို့တရင်းတနှီး။ (ဓာတ်ပုံ–အင်တာနက်)

ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက ဇန်နဝါရီ ၁၃ရက်က ပြောကြားလိုက်သည်ကို အင်တာနက်တွင် သတင်းဖတ်လိုက်ရသေးသည်။

ဆက်သွယ်မှု

မော်ရင်ဟိုသည် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးမှ ရာသီအကုန်တွင် အသင်းပြောင်းရွှေ့ရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်။

မိမိတို့အနေဖြင့် ဂျို့စ်အား အသင်းမှ မထွက်ခွာစေလိုကြောင်း၊ ယင်းမှာ ဝါရင့်ကစားသမားအားလုံး၏ ဆန္ဒသဘောထားပင်ဖြစ်ကြောင်း၊ မိမိတို့အသင်းကို ပုံမှန်အောင်မြင်ရေး လမ်းကြောင်းပေါ်သို့ ပြန်ရောက်အောင် ပြင်ဆင်ထားပြီဖြစ်ကြောင်း တယ်ရီက ပြောကြားသည်။

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ။ (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးအသင်းက ဝီဂန်အသင်းကို စနေနေ့က လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်ပြီးနောက် မော်ရင်ဟိုက သူထွက်ခွာမည့်ကိစ္စကို အတည်ပြုရန် ငြင်းဆိုခဲ့သည်။

သို့သော်လည်း မော်ရင်ဟိုက သူ၏အနာဂတ်ထက် ချယ်လ်ဆီးအသင်း၏ အနာဂတ်အတွက်သာ အရေးကြီးကြောင်း၊ ယင်းကိစ္စအတွက် မှန်ကန်မှုမရှိကြောင်း ပြောကြားသည်။

အကောင်းဆုံးခံစစ်မှူး

ဂျွန်တယ်ရီသည် ယခုလောလောဆယ်တွင် ကျောဒဏ်ရာခွဲစိတ်ထားမှုကြောင့် အနားယူနေရသည်။ မကြာမီ ပြန်ကစား နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဖြစ်သကဲ့သို့ အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်လည်း ဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းအတွက် ယခုနှစ်ရာသီတွင် ပွဲပေါင်း ၁၆ ပွဲကစားပေးခဲ့ပြီး အကောင်းဆုံး ခံစစ်မှူးအဖြစ် အသင်းကို ဦးဆောင်ပေးနိုင်ခဲ့သည်။

ဂျွန်တယ်ရီ ကျောခွဲစိတ်အနားယူကာလအတွင်း ချယ်လ်ဆီးအသင်းသည် သုံးပွဲဆက်တိုက် သရေပွဲများဖြင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်းမကစားနိုင်သည့်ကာလအတွင်း နောက်တန်း ကျိုးပေါက်နေသည့် သဘောရှိသည်။

၎င်းသည် ၁၉၉၈ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာပြီး ယင်းနှစ်၌ပင် ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံးလူငယ်ဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

ရွေးချယ်ခဲ့

တယ်ရီသည် ၂၀၀၁၊ ၂၀၀၂ ဘောလုံးရာသီက အသက် ၂၁ နှစ်အောက် အင်္ဂလန်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သူလည်း ဖြစ်သည်။ ၂၀၀၆ ကမ္ဘာ့ဖလားပွဲပြီးနောက် အင်္ဂလန်အသင်းတွင်လည်း အသင်းခေါင်းဆောင်အဖြစ် နည်းပြမက်ကလာရင်က ရွေးချယ်ခဲ့သည်။

ဂျွန်တယ်ရီသည် ၂၀၀၅–၂၀၀၆ ဘောလုံးရာသီအထိ ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၂၅၀ ပါဝင်ကစားခဲ့ပြီး အသင်းကို ဦးဆောင်ကစားခဲ့သည်။

ချယ်လ်ဆီးအသင်း အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် နည်းပြမော်ရင်ဟိုအနေဖြင့် ဂျွန်တယ်ရီ အမြန်ပြန်လာရေး လိုလားလျက်ရှိသည်။

ကစားနိုင်မည်

ဂျွန်တယ်ရီသည် မကြာမီ ချယ်လ်ဆီးအသင်း နောက်တန်းတွင် ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။

သို့ရာတွင် မော်ရင်ဟိုနှင့်ချယ်လ်ဆီး ဘုတ်အဖွဲ့အကြား သဘောထား ကွဲလွဲမှုများ ပြန်လည်သင့်မြတ်ပြီး ပုံမှန်အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်မရောက်၊ နည်းပြမော်ရင်ဟို ချယ်လ်ဆီးအသင်းကို ကျောခိုင်းထွက်ခွာမည် မထွက်ခွာမည် ဆိုသည့်ကိစ္စမှာ ဘောလုံးအားကစား ဝါသနာရှင်များ စောင့်ကြည့်ရဦးမည့် ကိစ္စတစ်ခုပင် ဖြစ်နေဦးမည်သာဖြစ်သည်။ ။ **(ကိုးကား–အင်တာနက်သတင်းများ)**

ချယ်လ်ဆီးအသင်းကစားသမားများ ဝီဂန်ကိုနိုင်ပြီး ဤသို့အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

အမည်ပြောင်း

အထက(၁)ဒဂုံ၊ ဒုတိယတန်း (ဃ)မှ အဖ ဒေါက်တာစိုးသူအောင်၏သား မောင်ကောင်းကိုကိုအား မောင်အောင်ကောင်းကိုဟုခေါ်ပါရန်။

ဖခင်အမည်မှန်

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အထက–၁၊ အဋ္ဌမတန်း(B)မှ မဖူးသဥ္ဇာ၏ ဖခင်အမည်မှန်မှာ ဦးသန်းဦးရွှေ ဖြစ်ပါသည်။

ဦးသန်းဦးရွှေ။

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၇)ဖြင့် **ဦးဘုန်းတင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး–၁)** အား စီမံထူးချွန်တတိယဆင့် အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံးမိသားစု
ဆည်မြောင်းဦးစီးဌာန၊တည်ဆောက်ရေး(၁)။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **"အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်ကို **ဦးအောင်ကြည်မြင့်** (သီရိရတနာမဥ္ဇူသာကုမ္ပဏီ)အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနှင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းသား၊ကျောင်းသူဟောင်းများ
အထက(၁)၊ မြောက်ဥက္ကလာပမြို့နယ်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကျော်ဌေး၏ နိုင်ငံကူးလက်မှတ် ၇၂၁၀၉၅ စာအုပ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားရန် ကျေးဇူးဆပ်ပါမည်။ **ဖုန်း–၅၅၃၁၇၄။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဇော်မိုး၏ နိုင်ငံကူး လက်မှတ်အမှတ်–၈၁၇၇၆၀ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၆၃၆၄၅၄။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်နိုင်ဝေဖြိုး နိုင်ငံသားစိစစ်ရေးကတ် ၁၂/မဘန(နိုင်) ဝ၈ဝ၃၆ဝ နှင့် ယာဉ်မောင်းလိုင်စင်ပါ ပိုက်ဆံအိတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၆၈၀၃၁၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်နွဲ့နွဲ့အေး၏ မော်တော်ယာဉ် ည/၂၉၉၅၏ အခွန်ကျေ ပုံစံ(၁) အစိမ်းရောင် မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း–၆၁၁၂၈၆။**

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်စိုးသူရ၏ (က)၁ဝ/မလမ(နိုင်)၁၈၇၁၅၇(နိုင်ကတ်)၊ (ခ)CD/32 ရေကြောင်းသိပ္ပံသင်တန်းဆင်းလက်မှတ်၊ (ဂ) T/F Certificate၊ (ဃ)B.S.T Certificate၊ (င) S.I.D များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ **ဖုန်း–၃၉၂၂၉၇၊ ၃၉၅၀၃၆။**

ထိုင်းနှင့်မလေးရှား သရေပွဲနှင့် အဆုံးသတ်သွားမှာလား မြန်မာအသင်း ဖိလစ်ပိုင်ကိုဂိုးပြတ်သွင်းမှ စိတ်ချရမည်

ရန်ကုန် ဇန်နဝါရီ ၁၅

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ASEAN Championship 2007) ကို ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌ ကျင်းပလျက်ရှိရာ ဇန်နဝါရီ၁၆ ရက်(ယနေ့) **ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အုပ်စု(က) နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

မျှော်လင့်ချက်ရှိ

အုပ်စု(က)နောက်ဆုံးပွဲစဉ်များကို နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၏ ထုံးစံအတိုင်း တစ်သင်းနှင့်တစ်သင်း ညှိကစားမှုမျိုးမရှိစေရန် တစ်ပြိုင်တည်း တစ်ချိန်တည်း ကျင်းပမည်ဖြစ်သည်။ မြန်မာစံတော်ချိန် ညနေ၆နာရီခွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဖိလစ်ပိုင်အသင်းမှလွဲလျှင် ကျန်သုံးသင်းစလုံး အုပ်စုတက်ရေး မျှော်လင့်ချက်ရှိနေဆဲဖြစ်၍ အကြိတ်အနယ်ရှိမည်ဖြစ်သည်။

အုပ်စု(က)ပွဲစဉ်များကို ဇန်နဝါရီ ၁၂ရက်က စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ဇန်နဝါရီ၁၄ရက်ပွဲစဉ်များ အပြီးတွင် တစ်သင်းလျှင် နှစ်ပွဲစီ ကစားပြီးဖြစ်သည်။ နှစ်ပွဲစီကစားပြီးချိန်တွင် ထိုင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေလေးမှတ်၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မြန်မာအသင်းက နှစ်ပွဲသရေ နှစ်မှတ်ရရှိထားပြီး ဖိလစ်ပိုင်အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးချေ။

အကြိုဗိုလ်လုပွဲ

ထိုင်းနှင့် မလေးရှားတို့၏ပွဲအဖြေသည် မြန်မာအသင်း အကြိုဗိုလ်လုပွဲတက်ရောက်ရေးအပေါ် အကျိုးသက်ရောက်မှုရှိနေသည်။ ထိုင်းနှင့် မလေးရှားတို့သရေပွဲဖြစ်သွားလျှင် မြန်မာအသင်းက ဖိလစ်ပိုင်ကို ငါးဂိုးပြတ်နိုင်မှသာ အကြိုဗိုလ်လုပွဲတက်မည်ဟု အကြမ်းအားဖြင့် တွက်ဆ၍ရနေသည်။ သို့ဖြစ်ရာ ထိုင်းနှင့်မလေးရှားပွဲအဖြေမှာ သရေရလဒ်နှင့် အဆုံးသတ်သွားလေမလားဆိုသည်ကို မြန်မာပရိသတ်များကြားတွင် စိတ်ဝင်တစား မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ထိုင်းက မလေးရှားကို ဖြစ်စေ၊ မလေးရှားက ထိုင်းကို ဖြစ်စေ အနိုင်ရသွားပြီး အနိုင်အရှုံးရလဒ်ပေါ် ထွက်လာမည်ဆိုပါက မြန်မာက ဖိလစ်ပိုင်ကို တစ်ဂိုး–ဂိုးမရှိ နိုင်ရုံမျှဖြင့် အကြိုဗိုလ်လုပွဲတက်မည်ဖြစ်သည်။

အနိုင်ရလိုစိတ်

အုပ်စု(က)ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့မှုအပေါ် သုံးသပ်ရလျှင် ထိုင်းအသင်းခြေစွမ်း အကောင်းဆုံးဖြစ်သည်။ ဂိုးအရေအတွက်ရလဒ်များကို အသာထား၍ ခြေစွမ်းသက်သက်ကိုကြည့်လျှင် ထိုင်းအသင်းကစားပုံမှာ တစ်ဦးချင်းအရပဲကြည့်ကြည့်၊ အသင်းလိုက်ကစားကွက်ကိုပဲကြည့်ကြည့် ပြိုင်ဘက်များထက် ခေါင်းတစ်လုံး ပိုမြင့်နေသည်။ မြန်မာအသင်း၏ အားသာချက်မှာ လူငယ်အများစုကို အခြေခံထား၍ ကြံ့ခိုင်မှုနှင့် သက်လုံပိုင်းမှာ မိနစ် ၉၀ အပြည့် ဒေါင်ဒေါင်မြည်ကစားနိုင်ကြသည်။မလေးရှားအသင်းသည် ဥရောပဟန်ကစားနိုင်၍ စွဲမက်စရာဖြစ်သော်လည်း ကျားကုတ် ကျားခဲကစားမှုအပိုင်း၌ အစဉ်အဆက် အားနည်းမှုရှိခဲ့သည်။ အနိုင်ရလိုစိတ် ပြင်းပြမှုနှင့် စိတ်ဓာတ်မာကျောမှု၌ မြန်မာအသင်းကို ထိုင်းနှင့်မလေးရှားတို့ မယှဉ်နိုင်ချေ။

အဝါကတ်

အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲပြိုင်ပွဲကျင်းပသည့်ပုံစံအရ အကြိုဗိုလ်လုပွဲပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်ရာ အုပ်စုပွဲစဉ်များအပြီးတွင် တစ်ပတ်ခန့် အနားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်ကစားရာတွင် အကြိုဗိုလ်လုပွဲအတွက် ချန်စရာမလိုဘဲ ရှိသမျှခွန်အားကို အိတ်သွန်ဖာမှောက် ကစားနိုင်ကြမည် ဖြစ်သည်။ သို့သော်လည်း မြန်မာအသင်းမှ အဝါကတ်ထိထားကြသော အောင်မြင့်အေး၊ မိုးဝင်း၊ စည်သူဝင်း၊ စိုးသီဟအောင်နှင့်ခင်မောင်ထွန်းတို့ နောက်ထပ်အဝါကတ်မထိရေးကို ကြိုတင်စဉ်းစားထားရမည်ဖြစ်သည်။

ပြောကြားခဲ့

မြန်မာနှင့်မလေးရှားတို့ ဂိုးမရှိသရေကျသွားသည့် ပွဲအပြီးတွင် မြန်မာနည်းပြ ဦးဆန်းဝင်းက "မိမိတို့ ယခုပွဲ၌ အခွင့်အရေးများရပါလျက်နှင့် အမှတ်ပြည့်မရသည်မှာ နစ်နာလှကြောင်း၊ သို့သော်လည်း ဖိလစ်ပိုင်နှင့်ပွဲ၌ ဂိုးပြတ်အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်နိုင်မည်ဟု မျှော်လင့်ကြောင်း" ပြောကြားခဲ့သည်။

မလေးရှားနည်းပြ နိုရီဇန်ဘာကာကလည်း "ယခုပွဲရလဒ်က မျှတသည် ဆိုသော်လည်း မိမိတို့အတွက် အများကြီးနစ်နာလှကြောင်း၊ အုပ်စုနောက်ဆုံးပွဲ၌ အိမ်ရှင် ထိုင်းအသင်းနှင့် ခက်ခက်ခဲခဲ ကစားရတော့မှာဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ အနိုင်ရမည်ဟုယုံကြည်ပါကြောင်း" ပြောကြားခဲ့သည်။

အခက်အခဲမရှိနိုင်

ထိုင်းနှင့် မလေးရှားပွဲအပေါ် သုံးသပ်ရလျှင် လမ်းမှန် ကမ်းမှန်အရ အိမ်ရှင်ထိုင်းအသင်း အနိုင်ရရန်သေချာသလောက်ရှိသည်။ မြန်မာအသင်းကလည်း ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်အနိုင်ရမည်ဟု ဆိုနိုင်သည်။ မြန်မာအသင်း၌ စိုးမြတ်မင်း ပါဝင်ကစားနိုင်ပါက ဂိုးများများသွင်းယူနိုင်ရေးမှာ အခက်အခဲမရှိနိုင်ချေ။ ဂိုးရလိုစိတ်မများဘဲ တည်တည်ငြိမ်ငြိမ်ကစားပါက အချိန်တန်လျှင် ဂိုးများရသွားမည်သာဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်

အုပ်စု(ခ)ပွဲစဉ်များကို စင်ကာပူနိုင်ငံ၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ပထမပွဲစဉ်၌ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ တစ်ဂိုးစီသရေကျသွားပြီး ဒုတိယပွဲစဉ်၌ အိမ်ရှင်စင်ကာပူအသင်းက လာအိုအသင်းကို ၁၁ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အုပ်စု(ခ)ပွဲစဉ်များ၌လည်း ပွဲမကုန်မီ အုပ်စုတက်သည့်အသင်း မပေါ်ထွက်သေးဘဲ အုပ်စုနောက်ဆုံးပွဲစဉ်များ အရေးပါနေဆဲဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အုပ်စု(က) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ထိုင်း	၂	၁	၁	–	၅	၁	၄
မလေးရှား	၂	၁	၁	–	၄	–	၄
မြန်မာ	၂	–	၂	–	၁	၁	၂
ဖိလစ်ပိုင်	၂	–	–	၂	–	၈	၀

အုပ်စု(ခ) ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
စင်ကာပူ	၂	၁	၁	–	၁၁	–	၄
အင်ဒိုနီးရှား	၂	၁	၁	–	၄	၂	၄
ဗီယက်နမ်	၂	–	၂	–	၁	၁	၂
လာအို	၂	–	–	၂	၁	၁၄	၀

အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံသားရေလုပ်သားများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ့ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ကိုင်ရာမှ စက်လှေများပျက်စီးချို့ယွင်းခြင်း၊ လေမုန်တိုင်းမိခြင်းတို့ကြောင့် မျောပါပြီး အိန္ဒိယသမ္မတနိုင်ငံ ပို့ပလဲယားမြို့သို့ ရောက်ရှိသွားကြသော မြန်မာနိုင်ငံသား ရေလုပ်သား ၂၁၃ဦးအား မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ညှိနှိုင်းစီစဉ်မှုကြောင့် အိန္ဒိယသမ္မတနိုင်ငံမှ သင်္ဘောသုံးစင်းဖြင့် ဇန်နဝါရီ ၁၅ရက် နံနက် ၁၀နာရီက ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

နေရာချထား

အဆိုပါ ရေလုပ်သားများအား သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကကြိုဆို၍ ယာယီနေရာချထားမည့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် နေရာချထားပေးသည်။

ပို့ဆောင်ပေးမည်

၎င်းတို့အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကျွေးမွေးစောင့်ရှောက်၍ ကျန်းမာရေး၊ လုံခြုံရေး စောင့်ရှောက်ခြင်းနှင့် လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီးစီးပါက နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်သည်။

ယင်းရေလုပ်သားများမှာ ရခိုင်ပြည်နယ်မှ ၁၂၅ ဦး၊ ဧရာဝတီတိုင်းမှ ၈၇ ဦး၊ ရန်ကုန်တိုင်းမှ တစ်ဦးဖြစ်ကြကာ မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်က ယခုကဲ့သို့ခေါ်ယူပြီး မိသားစုများထံ ရက်ပိုင်းအတွင်း ပြန်လည်ပို့ဆောင်မည်ဖြစ်ရာ ရွှင်လန်းအားတက်လျက်ရှိပြီး နိုင်ငံတော်ကို အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဇန်နဝါရီ ၁၄ရက်က လှိုင်မြို့နယ် အမှတ် (၂၂)အခြေခံပညာမူလတန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ ဘာသာစုံပထမဆုရ မဖြိုးသီရိအား မြို့နယ် လက်ထောက်ပညာရေးမှူး ဦးစောအောင်မြဝင်း ဆုချီးမြှင့်စဉ်။

(ကာ–ပ)

သတင်းဆောင်းပါး

ကိုဌေး

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ကေတုမတီမြို့၊ သုခသီတာခြံ၊ အမှတ်(၁၇၁)နေ
ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)-ဒေါ်ဝေဝေမြင့်တို့၏သားလတ်

မောင်ဇော်လှမြင့် B.A (History)

(Pioneer Food Centre)

နှင့်

ကော့သောင်းမြို့၊ အမှတ် ၁၁၉၊ သီရိမြိုင်ရပ်ကွက်နေ
ဦးသန်းဝင်း-ဒေါ်ခင်အေးလွင်တို့၏ တစ်ဦးတည်းသောသမီး၊
ကိုမျိုးအောင်ဇင်၏ညီမ

မသင်းဝေမိုး B.A (Geography)

တို့၏ ၆-၁-၂၀၀၇ရက်တွင် တောင်ငူမြို့ ဟုတ်ဝမ်မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်အပ်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီး ဒေါ်နန်းအေးမြတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့်ဇနီး၊ အုတ်တွင်း တပ်နယ်မှ ဗိုလ်မှူးချုပ်ကိုကိုဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူး တက္ကသိုလ်ကိုကိုဇော်၊ မင်္ဂလာအခါတော်ပေးတေးသီချင်းသီဆိုပေးသော တေးသံရှင် ရိုစီနှင့် စပယ်၊ Zaw Group တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်၊ ဗီဒီယိုနှင့်ကြော်ငြာသရုပ်ဆောင် နန်းဆုရတီစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာသရုပ်ဆောင် နှင်းဝတ်ရည်သောင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာသရုပ်ဆောင် အေးဝတ်ရည်သောင်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော မိုးဓာတ်ပုံနှင့် ဗီဒီယို၊ ဓာတ်ပုံတက်တိုး၊ ဟုတ်ဝမ်ခန်းမမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ဇော်လှမြင့်-မသင်းဝေမိုး။

သားဦးရတနာဖွားမြင်ခြင်း

ဦးမျိုးသိမ်း (ခနသီဟဆောက်လုပ်ရေး)နှင့် **ဒေါ်ကေခိုင်** (ခိုင်သရဖူဆောက်လုပ်ရေး)တို့၏ သားဦးရတနာလေးအား ၁၁-၁-၂၀၀၇ရက်တွင် အောင်မြင်စွာ ဖွားမြင်ခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

Myanmar S.E.A Marketing Co.,Ltd.
ဝန်ထမ်းမိသားစု။

မိုလ်ပြည့်ဖြိုးဝေ
မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၆-၁-၂၀၀၇ရက်တွင် ကျရောက်သော (၂၄နှစ်မြောက် မွေးနေ့) ချစ်သားလေး အသက်ရာကျော်ရှည်၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံတော်အတွက် ကောင်းကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

အချစ်ဆုံး - ဖေဖေ ဦးအောင်သန်း၊
မေမေ ဒုရဲမှူး ဒေါ်ညွန့်ညွန့်ဝေ၊
ညီမလေး-ဆုမွန်ပိုင်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား ပြည်တွင်း၊ပြည်ပကုမ္ပဏီများမှ မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာဖြင့် တင်ဒါများတင်သွင်းပါရန် ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Power Supply Cable	500 Meters
(၂)	G.I Wire, Ø 3.8 mm	150 MT
(၃)	Chipper Knives & Bolts	1 Lot
(၄)	Poly Sodium Acrylate	1 MT
(၅)	Ion Exchang Resin	2 Items

ချိပ်ပိတ်တင်ဒါ ပိတ်ရက်/အချိန် (၂၆-၁-၂၀၀၇) ၁၄:၀၀နာရီ

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်း-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးထွန်းမြတ်လမ်း၊ အမှတ်(၃)၊ သဇင်မြိုင်ခြံနေ
ဦးဝင်းမောင်-ဒေါ်ခင်မေသွင်တို့၏သားမြေး၊
ဒေါ်မြမြတ်ဇင် (ထ/၁၀၊ တာမွေ၊ ငြိမ်း)၏တစ်ဦးတည်းသောသား

မောင်ခိုင်ဆက်မောင် 2nd Mate (F.G)

Institute of Marine Technology (CD-24)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၄၈ နေ
(ဗိုလ်ကြီးခင်မောင်ရီ)-ဒေါ်သီတာမြိုင်တို့၏သမီး

ဒေါက်တာအေးပွင့်ဖြူ M.B.,B.S (Ygn)

အလုပ်သင်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး

တို့၏ ၇-၁-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဆရာဦးရန်နောင်ထွဋ်(အချိန်ပိုင်းကထိက၊ ရေကြောင်းပညာသိပ္ပံကျောင်း)နှင့်ဇနီး ဒေါ်ဝင်းပပ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဦးဘုန်းမြင့်(ညွှန်ကြားရေးမှူး-စီမံ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)နှင့်ဇနီး ဒေါ်သင်းသင်းဝေ၊ လက်ထပ်စာချုပ်ရေးထိုးပေးသော ကြည့်မြင်တိုင်မြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးမင်းသော်ထွေး၊ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ပွင့်နှင့်အဖွဲ့၊ ဗီဒီယိုနှင့်ဓာတ်ပုံ ကိုနေသူရိန်နှင့် Excellent အဖွဲ့၊ မေတ္တာဖြင့်ကူညီပေးသော ဂီတမှူးမြတ်မင်းနှင့် မင်္ဂလာအခါတော်ပေးသီဆိုပေးသော စိမ်းမို့မို့၊ တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် ဖူနိပွင့်ဖြူ (3rd Yr, Pharm)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေဝသန်အောင် (Final, Part I)၊ သတို့သားအရံများဖြစ်ကြသော မောင်လှိုင်နေအောင်(ရေယာဉ်မှူး၊ IWT)နှင့် မောင်မင်းမင်းအောင်(2nd Engineer, Myanmar Five Star Line)၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာယုယုနှင့် ဒေါက်တာဖြူဖြူခင်၊ Park Royal မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့်သူငယ်ချင်းများ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခိုင်ဆက်မောင်-ဒေါက်တာအေးပွင့်ဖြူ။

ဝမ်းမြောက်ဂုဏ်ယူခြင်း

သုခမ္မမဏိဇောတဓရ ဦးဘိုကြီး(ရုပ်ပျို) ရွှေဘိုမြို့အား နိုင်ငံတော်က **လူမှုထူးချွန် (တတိယဆင့်)** ချီးမြှင့်ခြင်းခံရ၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။ သာသနာအကျိုး၊ လူမှုအကျိုး၊ နိုင်ငံ အကျိုးတို့ကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးခင်မောင်ရွှေ(ခင်ဦးမြို့နယ်)၊
ဦးအောင်ကျော်ဦး(ရေဦးမြို့နယ်)၊
ဦးစိုးအေး(ဝက်လက်မြို့နယ်)၊
အဓောင်(၂၃)၊ အခန်း(၆)၊ ညီအစ်ကိုများ။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်နဘီဇာ၏သား မောင်ကျော်ကျော် မှတ်ပုံတင်အမှတ် TKA-၀၈၃၃၂သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၁၅-၁-၂၀၀၇ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်နဘီဇာ ၁၂/သကတ(နိုင်)၁၃၆၇၂၈။



ဒေါ်နီနီဇင်
၁၂/တမန(နိုင်)၀၁၈၀၆၃
သိစေရန်

ဒေါ်နီနီဇင် အမှတ် ၂၀၊ သမိန်ဗရမ်းလမ်း၊ တာမွေ၊ ရန်ကုန်မြို့နေသူသည် ကျွန်ုပ်အမှုသည် ဒေါ်မေနှင်းဝေ(ခ)ဒေါ်အဲမီး ၁၃/မမတ(နိုင်)၀၀၅၂၆၉ ထံမှ စိန်ရွှေရတနာပစ္စည်းများကို ရောင်းချပေးမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ရယူသွားခဲ့ပါသည်။ အဆိုပါ ဒေါ်နီနီဇင် ရယူထားသော စိန်ရွှေရတနာ ပစ္စည်းများကိုသော်လည်းကောင်း၊ ငွေတန်ဖိုးကိုသော်လည်းကောင်း ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်းမရှိ ရှောင်တိမ်းပျက်ကွက်လျက်ရှိနေပါသည်။

သို့ပါ၍ ဒေါ်နီနီဇင် အနေဖြင့် ကျွန်ုပ်အမှုသည်သို့ ပေးရန်ရှိသော ပစ္စည်းများကိုသော် လည်းကောင်း၊ ငွေကိုသော်လည်းကောင်း ယနေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ရှင်းလင်းပေးအပ်ရန်နှင့် ပျက်ကွက်ပါကဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မေနှင်းဝေ(ခ)ဒေါ်အဲမီး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမင်း (ပေါင်းတည်)
LL.B(ADVOCATE)
တရားရုံးချုပ်ရှေ့နေ။
အမှတ် ၁၈၊ မြို့သစ် ၂ လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း-၅၄၉၄၁၃၊ ၀၉-၉၈၇၁၃၉၇။

သမီးအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

အဖ-ဦးဘိုကြက် ၇/ကတခ(နိုင်)၀၅၁၅၁၇နှင့်အမိ-ဒေါ်စန်း ၇/ကတခ(နိုင်)၁၀၀၉၈၈တို့၏သမီးဖြစ်သူ မနီနီအေး ၇/ကတခ(နိုင်)၁၁၁၈၃သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ မှန်သမျှကို လုံးဝ(လုံးဝ)တာဝန်မယူပါ။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အဖ-ဦးဘိုကြက်
၇/ကတခ(နိုင်)၀၅၁၅၁၇
အမိ-ဒေါ်စန်း
၇/ကတခ(နိုင်)၁၀၀၉၈၈
သံမဏိရပ်ကွက်၊(၃)လမ်း၊
ပဲခူးယ်ကုန်းမြို့၊
ကျောက်တံခါးမြို့နယ်။

စာပေ
ဟောပြောပွဲ
ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ဓနုဖြူမြို့နယ် သရက်တောကျေးရွာ အမက ပညာရွှေတောင် စာကြည့်တိုက်၏ ဒုတိယအကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၂ရက် ည ၇ နာရီက သရက်တော အမက တေဇ ဥယျာဉ်၌ကျင်းပသည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်မြို့မှ စာရေးဆရာများ ဖြစ်ကြသော နန္ဒာမိုးကြယ်၊ ချစ်ကိုကိုယု(နှလုံးလှလှမိုက်)နှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြစ်ကြီးနားမြို့ နှင်းဆီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

မြစ်ကြီးနား ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် နှင်းဆီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်းသစ်မုခ်ဦးတွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ကြည့်ရှု

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးက နှင်းဆီလမ်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး မြင့်သိန်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက လမ်းသစ်ကိုဖြတ်သန်း ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ မူလမြေသားလမ်းဖြစ်ပြီးကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ကာ အရှည်ပေ၈၀၀၊ အကျယ်၁၂ပေရှိ ကတ္တရာလမ်းအတွက် စုစုပေါင်းငွေကျပ် ၄၁၈၀၀၀၀ ဖြင့် အကုန်ကျခံကာ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ယင်းဆိပ်-အိုင်ကြီးကုန်း ကျေးလက်မြေသားလမ်း တစ်ကြောင်းထိုး လမ်းအူကြောင်းဖော်ခြင်းလုပ်ငန်းကို မြေထိုးစက်ဖြင့်ဆောင်ရွက်ရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ငါ့သရောက်-စိတ္တိန်းလမ်း ကျောက်ချောလမ်းခင်း

ညောင်ဦး ဇန်နဝါရီ ၆

ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လွယ်ကူရေးအတွက် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ငါ့သရောက်-စိတ္တိန်းလမ်းကျောက်ချောလမ်းခင်းခြင်း ပေ၂၅၀၀ကို အမှုဆောင်အရာရှိကြီးကြပ်၍ ကျေးလက် အင်ဂျင်နီယာအဖွဲ့ဖြင့် ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့မလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက် အေးချမ်းသာရပ်ရှိ နတ်စင်တံတားသစ် သံကူကွန်ကရစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့် မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (တိုင်းစည်ပင်)

သနပ်ပင်မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

သနပ်ပင် ဒီဇင်ဘာ ၂၆

ပဲခူးခရိုင် သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တတိယအကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက မြို့တွင်းလှည့်လည်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၄၉ ကျောင်းနှင့် သီလရှင်ကျောင်းတစ်ကျောင်းတို့မှ ဘုရားအမှူးရှိသော သံဃာတော် ၁၅၁ ပါးတို့အား ဓမ္မရက္ခိတစာသင်တိုက်၌ နေ့ဆွမ်းဆက်ကပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကြည်၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် ဆီ၊ ဆားတို့ကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ စက်ကုန်းပိုင်းရပ်ကွက် ဓမ္မရက္ခိတစာသင်တိုက်မှ ဆရာတော် သံဃာတော်၊ သီလရှင် ၁၅၁ ပါးတို့သည် မြို့တွင်းသို့ လှည့်လည်၍ ဆွမ်းဆန်တော်အလှူခံ ကြွရောက်တော်မူရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆန်၊ ဆီ၊ ဆား ငွေကျပ်ရှစ်သိန်းဖိုး၊ ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖားကန့်မြို့၌ တံတားတည်ဆောက်

ဖားကန့် ဒီဇင်ဘာ ၂၅

ဖားကန့်မြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် တာမခံ-ခိုမသွားလမ်းပေါ်တွင်ရှိသော ကျောက်ခုံခံ သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်ထွန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကို ဒီဇင်ဘာ ၉ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သိန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျိုင်းလပ်မြို့၌ ရေကန်တည်ဆောက်

ကျိုင်းလပ် ဒီဇင်ဘာ ၂၅

ကျိုင်းလပ်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ခဲ့သည့် စုပေါင်းရုံးကုန်းကွန်ကရစ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၈ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

သီးနှံစပါး ပြည့်အင်အား
တားဆီးကာကွယ် မီးအန္တရာယ်

ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုရေးစခန်း ခြေမြစ်ပင်ကျေးရွာ၌ဖွင့် ကျေးရွာပြည်သူများ ရုပ်မြင်သံကြားဆက်စပ်ပစ္စည်း လှူဒါန်း

နောင်ချို ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုရေးစခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ရွှေနယ်စပ်စာကြည့်တိုက်တွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်နှင့် နောင်ချိုစက်ရုံတာဝန်ခံ ဦးသန်းဇော်ထိုက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ရုပ်မြင်သံကြားဖမ်းယူ ကြည့်ရှုရေးစခန်း ဖွင့်လှစ်နိုင်ရန် စက်ရုံတာဝန်ခံ ဦးသန်းဇော်ထိုက်၏ ဆောင်ရွက်မှုကြောင့် ငွေကျပ် ၃၅၀၀၀၀ ကျပ် တန်ဖိုးရှိသည့် ရုပ်မြင်သံကြားဆက်စပ်ပစ္စည်းများကို ကျေးရွာပြည်သူများ လှူဒါန်းကြသဖြင့် စက်ရုံတာဝန်ခံနှင့် ဝန်ထမ်းများက တပ်ဆင်ပေးရာ ကျေးရွာပြည်သူ အိမ်ခြေ ၂၅၀တွင် မြန်မာ့ရုပ်မြင်သံကြားကို ဖမ်းယူကြည့်ရှုနိုင်ကြမည် ဖြစ်သည်။

အဆိုပါဖွင့်ပွဲသို့ ကျေးရွာပြည်သူ ၃၅၀ ကျော် တက်ရောက်ခဲ့ကြပြီး နောင်ချိုပြည်သူလူထုမှ ရွှေနယ်စပ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်များလာရောက် ငှားရမ်းဖတ်ရှု၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ ဖမ်းယူကြည့်ရှု အပန်းဖြေနိုင်ကြသဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလကွယ်နေ့
၁၇-၁-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မြေမျက်နှာပြင်ညီညာဖို့ ဒီလိုဆောင်ရွက်စို့)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ပြာသိုလ မြင်းခင်းသဘင်ပွဲတော်-ဒေါ်စောမုံညင်း)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (ပျော်ပျော်နေကြရအောင်-ရန်)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) ရပ်ကြီးသူတို့ (ယိုးဒယား) (မြင်းမှူမောင်နိုင်မိုး)
(၂) သောင်းရွှေလယ် (ယိုးဒယား) (ယမုံနာခင်ခင်လေး)
(၃) မြန်နိုင်ငံပြည်ကြီး သြဒိသ မေတ္တာ ရောကင်းသံ (ကိုမင်းဟန်)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချယ်ရီလက်ဆောင်ပေးသူရေ (တွံတေးသိန်းတန်)
(၂) သံယောဇဉ် (ရွှေယမင်းဦး)
(၃) တူညီသောမေတ္တာလမ်းမှ ခွဲခွာခြင်း (ကိုမြသိန်း)

၁၇:၃၀ အစာနှင့် အာဟာရ (ကော်ဖီနှင့် ရေနွေးကြမ်း)

၁၇:၄၅ သူ့လက်သံ (ရန်ကုန်တိုင်းမှ မဝင့်သဇ္ဈာစတင်း၏ပတ္တလားလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ပညာရှိမှ မင်္ဂလာရှိမယ် (အရှင်သံဝရာလင်္ကာရ-ဓမ္မပီယဆရာတော်)
(၂) ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် တန်းသင်ရိုးသစ်-မြန်မာစာ အထူးထုတ် ဦးရဲဝေ(မြန်မာစာ)

၁၉:၁၅ စိုးအမ္ဗုန်သီချင်းကြီး တူရိယာအဖွဲ့

၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (စီအမ်ပီတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ထူးအိမ်သင်၏ နောက်ဆုံးတေးစီးရီး)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိမဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ဆောက်လုပ်ရန်အတွက် အမှတ်(၆၈) ၅မိုင်ခွဲ ပြည်လမ်း မြကန်သာ ၂လမ်း ကမာရွတ်မြို့နယ်နေ ဖခင်ဦးကိုကိုကြီး–မိခင် ဒေါ်အေးကြည်၊ အစ်ကိုဦးဝင်းလှိုင်၊ ညီမဒေါ်ခင်ရီ၊ မောင် ဦးစိုးမြင့်တို့အား ရည်စူး၍ ပေါင်းတည် ဒေါ်တင်ရီမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို နာယကအကျိုးတော်ဆောင် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရွှေကျင်မြို့ မုခ်ဦး လုပရေးဆောင်ရွက်

ရွှေကျင် ဒီဇင်ဘာ ၃၁

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဒီဇင်ဘာ ၁၃ရက်က ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်မင်္ဂလာမုခ်ဦး သာယာလုပရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘ ဘိုးဘွားများအား ရည်စူး၍ မန္တလေးမြို့နေ ဦးစစ်အေး–ဒေါ်ဝင်းဝင်းကြည်မိသားစုနှင့် ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ကျော်ကျော်–ဒေါ်သီတာညွန့်၊ သား ဗိုလ်ကြီးအောင်သီဟ–ဒေါ်ဆွေဆွေလှိုင်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးကုမာရ(ကျောက်ဆည်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရေဦးမြို့ အထက(၂)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပ

ရေဦး ဇန်နဝါရီ ၉

ရေဦးမြို့အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက်နံနက်၁၀နာရီက ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂) အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

ဩဝါဒ

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းက အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ဂါရဝပြုစကားပြောကြားပြီး ကန်တော့ခံဆရာကြီးဦးစန်းငွေ၊ ဦးဌေးအောင်နှင့် ဆရာမကြီး ဒေါ်အောင်ကြည်တို့က ဩဝါဒစကား ပြောကြားကြသည်။

လှူဒါန်း

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ကန်တော့ခံဆရာကြီးနှင့် ဆရာမကြီး ၃၆ဦးအား ပူဇော်ကန်တော့ကြပြီး ငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းကြသည်။ **(၃၇၈)**

(၇၉)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး (အင်ပူ)လူမှုထူးချွန် (ပထမဆင့်)**(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၇ရက်က ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသွေးလှူဘဏ်ခွဲတွင် (၇၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၀၆ ခုနှစ် ဒီဇင်ဘာအားကစားလ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်က တောင်ကြီးမြို့ မြို့မဈေးကြီးအရှေ့ဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမနှင့် ပြည်နယ်အားကစားပြိုင်ကွင်းတို့တွင် ကျင်းပသည်။

တတိယပတ် လူထုလမ်းလျှောက်ပွဲအဖြစ် ဒီဇင်ဘာ ၁၆ရက်က ပြည်သူ ၂၁၄၀၀တို့ ပါဝင်ဆင်နွှဲကြပြီး မိုက္ကရိုမာရသွန်ခြောက်မိုင် အပြေးပြိုင်ပွဲနှင့် ထိုက်ကျိချွမ် သရုပ်ပြပွဲများကို ကျင်းပသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့ဝင်များ ပါဝင်ဆင်နွှဲပြီး အားကစားနည်းအလိုက် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(အပေါ်ပုံ)(ပြည်နယ် အား/ကာ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု လင်းခေးမြို့နယ်(မြို့မရှေ့/နောက်)ကျောက်ချောလမ်းသစ်ဖွင့်

လင်းခေး ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လင်းခေးမြို့(မြို့မရှေ့/နောက်) ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦး၊ ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်နယ်လက်ထောက်မန်နေဂျာဦးအောင်မောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက် ကြည့်ရှုကြသည်။

အဆိုပါ (မြို့မရှေ့/နောက်) ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းမှာ အရှည်ပေ ၁၁၀၀ရှိပြီး ပြည်သူများလှူဒါန်းငွေကျပ် ၂၂သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဇန်နဝါရီ ၁ရက်က ဈေးတန်းရပ်ကွက် သဇင်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းကို အမှုဆောင်အရာရှိ ဦးကိုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၃၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်ကျောင်းသားကျောင်းသူများ စုပေါင်းလမ်းလျှောက်ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးမှူး အလှူငွေနှင့် စာအုပ်၊စာစောင်မျိုးစုံ ပေးအပ်လှူဒါန်း

တာချီလိတ် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၆၈ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနားနှင့် ဒုတိယအကြိမ်စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၀ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှ ပေးပို့သော မြန်မာနိုင်ငံစာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင် (မောင်မြန်မာ)က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်သောရည်ညွှန်းစာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဦးဘိုလေး–ဒေါ်မေရီ (လန်းဆန်းထွန်းခရီးသွားလုပ်ငန်း)က ငွေကျပ်တစ်သိန်း၊ ဦးမောင်လေး–ဒေါ်နန်းကျိန် (ဆွေတော်လင်းရောင်းဝယ်ရေး)က ငွေကျပ်ငါးသောင်း၊ ဦးကိုကိုအေး–ဒေါ်အေးအေးမြင့် (တိုကျိုမောင်အေးတယ်လီဖုန်းပြုပြင်ရေး)က ငွေကျပ်ငါးသောင်းအပါအဝင် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် သုံးသိန်းငါးသောင်းနှင့် စာအုပ်စာစောင်မျိုးစုံ ၇၉၇အုပ်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(၄၂၀)**

မြဝတီမြို့ ကျွန်းတော(၂)လမ်းသစ်ဖွင့်

မြဝတီ ဇန်နဝါရီ ၃

မြဝတီမြို့အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက် တို့ဆက်သွယ်သော ကျွန်းတော(၂) လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေညွန့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရွှေစိုးနှင့် အမှတ်(၅)ရပ်ကွက်ဥက္ကဋ္ဌဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါအမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့ ဆက်သွယ်သော ကျွန်းတော(၂)လမ်းကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ထည့်ဝင်ငွေကျပ် ၃၀၄၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်ကျငွေကျပ် ၈၅၃၃၀၀ နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၆၃၀၆၇၀၀ စုစုပေါင်းငွေကျပ် ၁၀၂၀၀၀၀၀ ဖြင့် အကုန်အကျခံ၍ အရှည်ပေ ၁၃၆၀၊ အကျယ် ၁၂ပေကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဒက္ခိဏကုန်းပေါ်ရှိ ရွှေဗုဒ္ဓေါဘုရားဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဦးစီးအရာရှိ ဦးမျိုးလွင်တို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ် စည်ပင်)

ရပ်ကွက်၊ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

ပင်လုံ ဇန်နဝါရီ ၅

လွိုင်လင်ခရိုင် ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်းပွဲကို ဒီဇင်ဘာ၂၉ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးတင်စိန်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပေးအပ်

သင်တန်းဆင်းပွဲသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ခရိုင်အတွင်းရေးမှူး ဦးတင်စိန်က သင်တန်းဆင်းလက်မှတ်ချီးမြှင့်ရာ သင်တန်းသား ၃၂ဦးကိုယ်စား (၄)ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းသိန်းဦးက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ဘားအံ ဇန်နဝါရီ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အပ်နှင်းသည့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက်၉နာရီက ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဥက္ကဋ္ဌက စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)ရ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်**(အပေါ်ပုံ)**၊ စီမံထူးချွန် တံဆိပ်(တတိယဆင့်)ရ ပြည်နယ်ပညာရေးမှူး ဦးစောဘလှိုင်နှင့် လူမှုထူးချွန် တံဆိပ်(ပထမဆင့်)ရရှိသည့် ကော့ကရိတ်မြို့နယ် အံကောင်ကျောင်းတိုက်မှ ဆရာတော်ဦးစိန္တိတတို့အား ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံတွင် အလှူရှင် ဦးအောင်ဆွေမြင့်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်)-ဒေါ်စန်းစန်းမိုးတို့က သားမောင်ဖြိုးဖြိုးထွဋ် (၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးရုံအတွက် အောက်စီဂျင်ဘူးကို ဇန်နဝါရီ ၅ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသိန်းမြို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၈

မော်လမြိုင်ကျွန်းမြို့တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲတော်ကို ဇန်နဝါရီ ၄ရက် နံနက် ၈နာရီခွဲက မော်လမြိုင်ကျွန်း မြို့နယ်သစ်တောဦးစီးဌာန သစ်တောပျိုးထောင်ဥယျာဉ်၌ ကျင်းပသည်။

ပျိုးထောင်

ယင်းခြံစည်းရိုးကြက်ဆူပင်စုပေါင်းပျိုးထောင်ပွဲတော်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးထွန်းနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များကခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်အိတ်နှစ်သောင်းခွဲကို စုပေါင်းပျိုးထောင်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ခြံစည်းရိုး ကြက်ဆူပင် စုပေါင်း ပျိုးထောင်ပွဲတော်အပြီးတွင် မြို့နယ်သစ်တောဦးစီးဌာန ပျိုးထောင်ဥယျာဉ်အတွင်း ပျိုးထောင်မှုလုပ်ငန်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုကြသည်။ **(ဝ၉၇)**

လွတ်လပ်ရေးနေ့ အခမ်းအနား ကြံခင်းမြို့၌ ကျင်းပ

ကြံခင်း ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းက ကြံခင်းမြို့ လွတ်လပ်ရေးပန်းခြံနှင့် ပြည်သူ့အားကစားကွင်းတို့၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ နံနက် ၄နာရီ မိနစ်၂၀က နိုင်ငံတော်အလံတင် အခမ်းအနားကို လွတ်လပ်ရေးပန်းခြံတွင် ကျင်းပပြီး နံနက် ၇နာရီတွင် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ဖတ်ကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ညနေ၄နာရီတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကလေးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းနှင့် အဖွဲ့ ဇန်နဝါရီ၆ရက်က သီပေါမြို့ ကြံခင်းကျေးရွာ လယ်သမား လုံးရွက်ခမ်း၏ နွေစပါးစိုက်ခင်းပျိုးထောင် ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။

(မြို့နယ် ပြန်/ဆက်)

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေ၊ အမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့် ပုဒ်မ ၁၁၅)

တရားရုံးချုပ်၊ ရန်ကုန်မြို့

၂၀၀၆ခုနှစ် တရားမ ပထမ အယူခံမှုအမှတ်-၃၈၉

ဦးဇော်မျိုးခိုင် **နှင့်** မလင်းသက်သက်ဦး (အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ၊ ကွယ်လွန်သူ ဒေါ်ဌေးဌေးဝင်း၏ တရားဝင်ဆက်ခံသူ) ပါ-၆

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၄ရက်နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၅၄/၂၀၀၅၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့် ပတ်သက်၍ အမှတ်(၃၅၂)မြေညီထပ်၊ အနော်ရထာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ (ယခင် လိပ်စာ၊ ယခုလိပ်စာမသိနေ) မလင်းသက်သက်ဦး၏ အုပ်ထိန်းသူ ဒေါ်မိအေး(ခ)ဒေါ်အေးအေးဝင်း သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးညိမ်းမြင့်နှင့် ဦးဌေးဦးတို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို (၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၉ရက်နေ့) နံနက် ၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား၊ သင်၏တရားရုံးချုပ် ရှေ့နေက ဖြစ်စေ၊ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်က ဖြစ်စေ၊ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၁ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ-၃၊ ဌာနစု-၄
တရားရုံးချုပ်၊ ရန်ကုန်မြို့။

ဒီဇယ်ဆီများသယ်ယူရန်အတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ ထမံသီစီမံကိန်းသို့ ဒီဇယ်ဆီများ သယ်ယူရန်အတွက် ရေယာဉ်/ဆီတွဲများနှင့် ၂၄၀၀ဂါလန်နှင့်အထက်ဆီတင်ယာဉ်(ဘောက်ဆာ)များ လိုအပ်လျက် ရှိပါသည်။

၂။ သံပုရာကန်မှ ကလေးဝအထိ ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း၊ ကလေးဝမှထမံသီအထိ ရေယာဉ်/ ဆီတွဲ ဘောက်ဆာများဖြင့်လည်းကောင်း ပို့ဆောင်ပေးရပါမည်။

၃။ ၂၅-၁-၂၀၀၇ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။

(တိုင်းရင်းသားလုပ်ငန်းရှင်များသာ)

မှတ်ချက်။ ။ အသေးစိတ် အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ဖြန့်ဖြူးရေးဌာန)
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)
စွမ်းအင်ဝန်ကြီးဌာန၊
ရုံးအမှတ်(၆)နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၀၃၊ ၀၆၇-၄၁၁၁၃၃။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	T(5)MS / 2006-2007	M.S Plates High Strength Hull Structural Steel ASTM A 36 (1) 16' x 4' x 8mm(or)20'x5'x 8mm Country of Origin: Ukraine(or)India	1 Lot
2.	T(6)MS / 2006-2007	Welding Equipments	1 Lot

တင်ဒါပိတ်ရက်နှင့်အချိန် ၂၂-၁-၂၀၀၇ (၁၆:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၆-၁-၂၀၀၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

လက်ထောက်အထွေထွေမန်နေဂျာ(ပစ္စည်း)
ပစ္စည်းဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ဆင်မလိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၆၅၂၁၊ ၅၃၆၁၁၆၊ ၅၃၆၁၅၈(လိုင်းခွဲ-၂၀)။

မြန်မာနိုင်ငံအရေးကိစ္စကို ပြည်ပမှဝင်ရောက်ဖြေရှင်းမှုကို လက်မခံနိုင် အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကချင်တိုင်းရင်းသားများတိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော် အထူးဒေသအမှတ်(၅) ကေဒီအေက ဇန်နဝါရီ ၁၅ရက်တွင် သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုအား ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ မိမိတို့အဖွဲ့ ကန့်ကွက်သလို တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကန့်ကွက်ခဲ့ပြီးဖြစ်သည့်အပြင် ပြည်သူတစ်ရပ်လုံး ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ ဆန့်ကျင်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သော အကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားခဲ့သဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ ●

အမေရိကန်၏လုပ်ဆောင်မှုကို ဝမ်းသာအားရထောက်ခံခဲ့သည့် ပြည်တွင်းပါတီနိုင်ငံရေးသမားများနှင့် အမျိုးသားသစ္စာဖောက်များ၏လုပ်ရပ် အမေကျော်ခွေးတော်လွမ်းသည့်လုပ်ရပ်ဖြစ်၍ ဆန့်ကျင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၁၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဇန်နဝါရီ ၁၅ရက်တွင် သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ အမေရိကန်အစိုးရသည် ၎င်း၏အကျိုးစီးပွားသက်သက်အတွက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန် ရေးရှု၍ ၂၀၀၆ခုနှစ် စက်တင်ဘာလ၁ရက်နေ့တွင် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို စာမျက်နှာ ၃ ကော်လံ ၁ ❐

ပြည်ပအားကိုးသည့်နိုင်ငံရေးပါတီ၊ မြေပေါ်မြေအောက်အဖျက်သမားများ နှစ်ယောက်တစ်ပိုင်းအဖွဲ့ များ၏ ပုံကြီးချဲ့ တိုင်တန်းသတင်းပေးမှု အမျိုးဘာသာ သာသနာကို သစ္စာဖောက်သည့်လုပ်ရပ်သာဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ဝံသာနု (NLD)က ဇန်နဝါရီ ၁၄ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်တွင်-

အရင်းရှင်နယ်ချဲ့တဖြစ်လဲ ခေတ်သစ်ကိုလိုနီနယ်ချဲ့အုပ်စု၏ခေါင်းဆောင် အမေရိကန်နှင့် ဗြိတိန်တို့၏ မတရားစွပ်စွဲကာ တစ်ဖက်သတ်အရေးယူနိုင်ရေးကြိုးပမ်းမှုသည် လေထဲတိုက်အိမ်ဆောက်သလို ပျက်ပြယ်သွားခဲ့ပေပြီ ဖြစ်ကြောင်း။

မိမိတို့၏ပြည်ထောင်စုကြီးတွင် တပ်မတော်အစိုးရက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပေးခြင်းများအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် ငြိမ်းချမ်းရေးကို ပြီးပြည့်စုံသော စာမျက်နှာ ၃ ကော်လံ ၄ ■

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

❑ တိုင်းရင်းသားစုံ လူထုလူတန်းစား အလွှာစုံ ကိုယ်စားလှယ် တစ်ထောင်ကျော် နိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးမျှော်ပြီး အပြန်အလှန် ဆွေးနွေးညှိနှိုင်းနေကြတာဟာ တကယ်တော့ တိုင်းကျိုးပြည်ပြု ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ ဒိုင်ယာလော့ဂ်ပါ။ အလွန်မွန်မြတ် ဖြူစင်ပြီး သမိုင်းမော်ကွန်းတင်ရမယ့် ဒိုင်ယာလော့ဂ်ပါ။

ဦးပြေကျော်၏ ဆောင်းပါး (စာ-၈)

❑ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ဖို့ အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်ဟာ အောင်မြင်မှုမရှိဘဲ အရေးနိမ့်ကျဆုံးသွားခဲ့၊ ဒါဟာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များနဲ့ ဖြစ်ရပ်မှန်များဆိုတဲ့ အမှန်တရားက အမေရိကန်နဲ့ ဗြိတိန်တို့ရဲ့ မမှန်မကန် လုပ်ကြံစွပ်စွဲမှုများအပေါ် အောင်ပွဲခံလိုက်ခြင်းဖြစ်။

စာဖတ်သူတစ်ဦး၏ ဆောင်းပါး (စာ-၉)

လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းကို နိုင်ငံရေးအသင်းအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့ အစည်းများက ကန့်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ထောက်ခံသည့်ကြေညာချက်ထုတ်ပြန်

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် (Resolution) ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် နိုင်ငံရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိနေကြသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကမူ အမေရိကန်နှင့် ဗြိတိန်တို့၏ လုပ်ရပ်အား ကြိုဆိုထောက်ခံသည့် အောက်ပါကြေညာချက်ကို ၁၁-၁-၂၀၀၇ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်-

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်
၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

အထူးကြေညာချက် - ၁/၀၁/၀၇

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ အဆိုပြုချက်တစ်ရပ်အပေါ် ဆွေးနွေးနေသည်ဟု ကြားသိရပါသည်။ ထိုအဆိုပြုချက်မူကြမ်းတွင် အရေးယူမှုများ လုံးဝမပါကြောင်း ကြားသိရပါသည်။ ထို့အပြင် ငြိမ်းချမ်းသောနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက်သာ အဓိကထားကြောင်း ကြားသိရပါသည်။

သို့ပါသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအားလုံးက ထောက်ခံကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။